ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၄၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၄၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ၅-၁၀-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတက်ရောက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ နိုင်ငံခြားခရီးစဉ်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဆေးကုသမှုခံယူ။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကမ္ဘာ့ဆရာများနေ့အခမ်းအနား တက်ရောက်ရန်နှင့် ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၂)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦးရှိပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောတူထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက်လည်းကောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် သဘောတူ/မတူ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

## နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၁၃။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါတယ်။ ၂၀-၉-၂၀၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး ပေးပို့လာတဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဒီဥပဒေ ပိုမိုကောင်းမွန်စေရန်အတွက် ပြင်ဆင်လိုတဲ့ အချက်များကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အဆိုပြုပြဋ္ဌာန်းချက်နှင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဇယား ပထမစာမျက်နှာ အစဉ်(၁)မှာ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ရေးဥပဒေလို့ ထားရှိလိုပါတယ်။

အစဉ်(၂) နိဒါန်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ အခန်း(၈)ပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုများကို ကာကွယ်ပေးရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်လို့ ထားရှိလိုပါတယ်။ အစဉ်(၄) အပိုဒ် (၁)နဲ့ ပတ်သက်ပြီးတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ဤဥပဒေကို နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်လို့လည်း ထားရှိလိုပါတယ်။ ဇယားရဲ့ အစဉ်(၅) အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို ဆိုသည်ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ဂ)တွင် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာ ပြောဆိုခွင့်အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ အရ လွတ်လပ်စွာသုံးစွဲ ဆောင်ရွက်ခွင့်

များကို ဆိုသည်ဟုလည်းကောင်း၊ ဇယားရဲ့စာမျက်နှာ(၂)မှာရှိတဲ့ အပိုဒ်ခွဲ(ဃ)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ ပါ အချက်များအတိုင်း ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ လုံခြုံမှုကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုကို ပါဝင်သည်ဟုလည်းကောင်း၊ ဒီနေရာမှာ ဒီအပိုဒ်ခွဲကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ကျွန်တော့်အနေနဲ့ ထားရှိလိုပါတယ်။

အစဥ်(၈) ပြည်သူ့လွှတ်တော်ရဲ့ အသစ်ဖြည့်စွက်တဲ့ အပိုဒ်(ဇ)ကိုတော့ ပယ်ဖျက်ပစ်လိုပါတယ်။ ဇယားရဲ့အစဥ်(၉)မှာ အဆိုပြုပြင်ဆင်ချက်အတိုင်း အခန်း(၂) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေးလို့ပဲ ကျွန်တော်တို့ ဆက်လက်ထားရှိဖို့ သင့်ပါတယ်။ ဇယားရဲ့အစဥ်(၆) အပိုဒ်(၄)မှာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှု၊ နစ်နာဆုံးရှုံးခြင်းမရှိစေရန် အကာအကွယ်ပေးရမည်လို့ ပြင်ဆင်လိုပါတယ်။ အစဥ်(၂)မှာ အခန်း(၃) သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်များလို့ အဆိုပြုပြင်ဆင်ချက်အတိုင်းပဲ ထားရှိသင့်ပါတယ်။ ဇယားရဲ့စာမျက်နှာ(၃)မှာရှိတဲ့ အစဥ်(၁၃)၊ အပိုဒ်(၅)၊ အပိုဒ်ခွဲ(က)တွင် အဆိုပြုပြင်ဆင်ချက်၌ မည်သူကိုမျှ အစား မည်သူ့ကိုမဆိုဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)တွင် ပုဂ္ဂိုလ်တစ်ဦးဦးနေထိုင်သော အခန်း၊ အဆောက်အအုံ၊ ပရဝဏ်အတွင်းသို့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ ပစ္စည်းသိမ်းဆည်းခြင်း၊ သူတစ်ဦးဦးအား ဖမ်းဆီးခြင်းပြုရာတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများအပါအဝင် အနည်းဆုံး သက်သေနှစ်ဦးနှင့်အတူ ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ အပိုဒ်(၆)ကို အပိုဒ်(၅)ရဲ့ အပိုဒ်ခွဲ(ဂ)အဖြစ် ပြောင်းလဲပြီးတော့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

မိမိဌာနက အရေးယူဆောင်ရွက်ရမည့်ကိစ္စ မဟုတ်ကြောင်းပေါ်ပေါက်ပါက အကျိုးအကြောင်းဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း(၃ဝ)အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့်ဌာနအဖွဲ့အစည်းသို့ တိုင်ကြားသင့်ကြောင်း အကြံပြုချက်ပါရှိရမည် ဆိုတဲ့အတိုင်း ထားရှိလိုပါတယ်။ ဇယားရဲ့ စာမျက်နှာ(၄)မှာရှိတဲ့ အစဥ်(၁၇)၊ အခန်း(၄)၊ အပိုဒ်(၇)ကို အထက်မှာ အပိုဒ်(၆)ကို ဖြုတ်ပြီးတော့ အပိုဒ်ခွဲပြောင်းလိုက်တဲ့အတွက် အပိုဒ်(၆)အဖြစ် ပြောင်းလဲပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဖြစ်တဲ့ မည်သူမျှတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ (၂၄)နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရ ဆိုတဲ့အတိုင်း ဆက်လက်ထားရှိလိုပါတယ်။ အစဥ်(၁၈) အပိုဒ်(၈)ကို အပိုဒ်(၇)ပြောင်းပြီးတော့ မူလခြေဆင်းနဲ့အတူ အပိုဒ်ခွဲ(က)အား နိုင်ငံသားတစ်ဦးနေထိုင်သော အခန်း၊ အဆောက်အအုံ၊ ပရဝဏ်အတွင်းသို့ ဝင်ရောက်ရှာဖွေခြင်း၊ ပစ္စည်းသိမ်းဆည်းခြင်း၊ သူတစ်ဦးဦးအား ဖမ်းဆီးခြင်းမပြုရလို့ ပြင်ဆင်လိုတဲ့အပြင် အပိုဒ်ခွဲ(ဆ)နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက် အပိုဒ်ခွဲ(ဆ) နိုင်ငံသားတစ်ဦး၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုသော်လည်းကောင်း၊ မတရားသိမ်းယူခြင်း သို့မဟုတ် တိုက်ရိုက်ဖြစ်စေ၊

သွယ်ဝိုက်၍ဖြစ်စေ၊ တမင်ပျက်စီးစေခြင်း သို့မဟုတ် ဖျက်စီးခြင်းမပြုရ ဆိုတဲ့အတိုင်း ဆက်လက်ထားရှိလိုပါတယ်။

ဇယားရဲ့ စာမျက်နှာ(၅)မှာရှိတဲ့ အစဉ်(၂၂)၊ အခန်း(၄)၊ အပိုဒ်ခွဲ(၉) တည်ဆဲဥပဒေ တစ်ရပ်ရပ်၌ အတိအလင်း ခွင့်ပြုထားခြင်းမရှိလျှင် မည်သူမျှ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ ဆိုတဲ့ အပိုဒ်(၉)ကို ပယ်ဖျက်လိုပါတယ်။ ဇယားရဲ့ အစဉ်(၂၃)၊ အပိုဒ်(၁၀)ကို အပိုဒ်(၈)အဖြစ် ပြောင်းပြီးတော့ အဆိုပြုပြင်ဆင်ချက်ဖြစ်တဲ့ မည်သည့်ရဲတပ်ဖွဲ့စခန်းမှူးမဆို ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နဲ့အညီ ချက်ချင်း အရေးယူဆောင်ရွက်ရမည် ဆိုတဲ့အတိုင်း ဆက်လက်ထားရှိသင့်ပါတယ်။

ဇယားရဲ့ စာမျက်နှာ(၆)မှာရှိတဲ့ အခန်း(၅)၊ အပိုဒ်(၁၁) ကို အပိုဒ်(၉)လို့ ပြောင်းပြီးတော့ မည်သူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကိုသော်လည်းကောင်းနေရာမှာ ပုဒ်မ ၆၊ ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဆိုတဲ့နေရာမှာ ပုဒ်မ ၇ အဖြစ် ပြောင်းလဲပေးရမှာ ဖြစ်ပါတယ်။ အပိုဒ်(၁၂) ကို အပိုဒ်(၁၀)အဖြစ် ပြောင်းပြီးတော့ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပယ်ဖျက်ပြီး ပုဒ်မ ၁၀ ပါ တားမြစ်ချက်ကိုသော်လည်းကောင်းနေရာ၌ ပုဒ်မ ၈ အဖြစ်နဲ့ ပြောင်းလဲပြီးတော့ အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိဖို့အတွက် ဆွေးနွေးလိုပါတယ်။ အပိုဒ်(၁၃)ကို အပိုဒ်(၁၁)ပြောင်းပြီးတော့ အဆိုပြုပြင်ဆင်ချက်အတိုင်း အပိုဒ်(၁၄) ကို အပိုဒ်(၁၂)၊ အပိုဒ်(၁၅)ကို အပိုဒ်(၁၃) ပြောင်းပြီးတော့ အဆိုပြုပြင်ဆင်ချက်အတိုင်းထားရှိကာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အထက်ပါ ယခု ကျွန်တော် ဆွေးနွေးတင်ပြချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးသင့်ပါကြောင်း ဆွေးနွေးအကြံပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဥပဒေကြမ်းရဲ့ ပုဒ်မ ၇ မှာ မည်သူမျှ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသောတရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရလို့ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ သဘော ကတော့ တည်ဆဲဥပဒေတစ်ရပ်ရပ်က ခွင့်ပြုမယ်ဆိုရင် ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခွင့်ရှိတယ်။ တရားရုံးရဲ့ခွင့်ပြုချက်ရရင်လည်း ၂၄ နာရီထက်ပိုပြီး ချုပ်နှောင်ခွင့်ရှိတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ အဲဒီမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်လို့ ဆိုရာမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း အပါအဝင် ဖြစ်ပါတယ်။ ဒါဆိုရင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပုဒ်မ ၃၇၆ မှာ ပြဋ္ဌာန်းထားတဲ့ ဆိုလိုရင်းကတော့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရန် လိုအပ်သော ကိစ္စဖြစ်ခဲ့မယ်ဆိုရင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်မပြုထားတာပဲဖြစ်ဖြစ်၊ စီရင်ပိုင်ခွင့်ရှိတဲ့ တရားသူကြီးရဲ့ ချုပ်မိန့် မရရင်ပဲဖြစ်ဖြစ် ၂၄ နာရီထက်ကျော်လွန်ပြီး ချုပ်နှောင်ထားနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းရဲ့ ပုဒ်မ ၇ ဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ရာ ရောက်နေတာကို နှိုင်းယှဉ်လေ့လာကြည့်ရင် တွေ့နိုင်မှာဖြစ်ပါတယ်။ ဆက်လက်ပြီး ဥပဒေကြမ်းရဲ့ ပုဒ်မ ၈ မှာတော့ ပုဒ်မခွဲ(က)မှ (ဆ)အထိ ပါဝင်ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ပုဒ်မရဲ့ ခြေဆင်းမှာ တော့ မူလအဆိုပြုပြဋ္ဌာန်းချက်မှာ မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတစ်ရာမရှိဘဲလို့ ပြဋ္ဌာန်းပါရှိပြီး ပြည်သူ့လွှတ်တော်က မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ ဟု ပြောင်းလဲပြင်ဆင်အတည်ပြုခဲ့ပါတယ်။ ဒါကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာမရရှိဘဲဆိုပြီး ထပ်မံဖြည့်စွက် ပြင်ဆင်ခဲ့ပါတယ်။ ပြင်ဆင်ဖြည့်စွက်ခဲ့တဲ့ မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရှိဘဲ ဆိုရာမှာ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုမိန့်မရဘူးဆိုရင် ပုဒ်မခွဲ(က)မှ (င)အထိပါတဲ့ နိုင်ငံသား တစ်ဦးရဲ့ နေအိမ်၊ အခန်း၊ အဆောက်အဦ၊ ပရဝဏ်များကို ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်း၊ နိုင်ငံသားတစ်ဦး၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်တဲ့ နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ တစ်ဦး နှင့်တစ်ဦး ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူနားထောင်ခြင်း၊ အနှောင့်အယှက်ပေးခြင်း၊ ဆက်သွယ်ရေးအော်ပရေတာများထံမှ သတင်းအချက်အလက်တောင်းယူခြင်း၊ ထုတ်ပေးခြင်း၊ စာအိတ်၊ ချောထုပ်၊ ပါဆယ်ထုပ် တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း များကို ပြုလုပ်၍မရကြောင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းပါ ပုဒ်မ ၈ ဟာ အထက်က ကျွန်မ ဆွေးနွေးခဲ့သလိုပဲ တည်ဆဲဥပဒေ တစ်ရပ်ဖြစ်တဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၆ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့် အညီ ကြိုတင်ကာကွယ်ထားရန်လိုအပ်သောကိစ္စ လုပ်ဆောင်မှုများကို ပုဒ်မ ၈ ကြောင့် ဟန့်တားပိုင် ခွင့်မရှိပါ။ ဒါကြောင့် ဥပဒေကြမ်းပါ ပုဒ်မ ၈ ဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၆ နှင့် ဆိုလိုရင်း တစ်စိတ်တစ်ပိုင်း ဆန့်ကျင်နေတာကို တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီဥပဒေပြဋ္ဌာန်းရတဲ့ရည်ရွယ်ချက်မှာ ပါရှိတဲ့အတိုင်း ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်တဲ့နေရာမှာ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနဲ့ ဘဝလုံခြုံမှုကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်အောင်ဆိုရင်တော့ လက်ရှိရင်ဆိုင်ကြုံတွေ့နေရတဲ့ နိုင်ငံသားများရဲ့ ဘဝလုံခြုံမှုကို ဥပဒေပြဋ္ဌာန်းပေးလိုက်ရုံနဲ့ မရနိုင်သေးဘဲ နိုင်ငံသားများ တည်ငြိမ်အေးချမ်းပြီး လုံခြုံမှုရှိတဲ့လူ့ဘောင်ဘဝကို ထူထောင်သွားနိုင်ရေးနဲ့ မှုခင်းများ ထိရောက်စွာ ထိန်းချုပ်နိုင်ဖို့အတွက် တရားဥပဒေစိုးမိုးရေးကို ဦးစွာအဓိက ဆောင်ရွက်နိုင်မှသာလျှင် ဥပဒေပါ ရည်ရွယ်ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း နိုင်ငံရဲ့အချုပ်အခြာ အာဏာနဲ့ နိုင်ငံသားများကို ကာကွယ်ဖို့ တရားဥပဒေစိုးမိုးနိုင်ရေးအတွက် တာဝန်ရှိသူများက လုံခြုံရေး အစီအမံများ ထားရှိပါတယ်။ ဥပမာ အမေရိကန်မှာဆိုရင် Home Land Security ပြီးတော့ Cyber Task Force တွေလည်း ဖွဲ့နေပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာလည်း Ministry of State Security, Ministry of Public Security ဆိုပြီးလည်း ရှိပါတယ်။ ရုရှားနိုင်ငံမှာလည်း နိုင်ငံသားများရဲ့ လုံခြုံရေးအတွက် ထောက်လှမ်းရေးလုပ်ငန်းများမှတစ်ဆင့် နိုင်ငံအတွင်းမှာရှိတဲ့ အရေးကြီးရာဇဝတ် မှုခင်းများကို ကိုင်တွယ်ဖြေရှင်းသွားနိုင်ဖို့ ကြီးမားတဲ့ထောက်လှမ်းရေးဆိုင်ရာ ဝန်ကြီးဌာနအသစ် တစ်ခုလည်း ဖွဲ့စည်းမယ်လို့လည်း သိရပါတယ်။ ဆွစ်ဇာလန်နိုင်ငံမှာလည်း ဆွစ်ဇာလန် ပြည်သူများက လွတ်လပ်မှုနဲ့ လုံခြုံစွာနေထိုင်နိုင်ရေးအတွက်၊ အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးအတွက်၊ ထောက်လှမ်းရေး လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်မယ့် အချက်များပါဝင်တဲ့ဥပဒေကို ပြဋ္ဌာန်းရန် သဘောတူညီခဲ့ပြီး ရဲတပ်ဖွဲ့နဲ့ ထောက်လှမ်းရေးအဖွဲ့များက သံသယရှိတဲ့ဆက်သွယ်မှုများနဲ့၊ ဖုန်းပြော ဆိုမှုများကို ကြားဖြတ်နားထောင်ခြင်းနဲ့ စစ်ဆေးခြင်းများ ပြုလုပ်မယ့်အချက်များ ထည့်သွင်းထားတဲ့ ဥပဒေကြမ်းကို လူထုဆန္ဒခံယူမှုပြုလုပ်ခဲ့ရာ ပြဋ္ဌာန်းရန် ဆန္ဒပြုခဲ့တဲ့အတွက်ကြောင့် ပြီးခဲ့တဲ့နှစ်ကပဲ ဆွစ်ဇာလန်လွှတ်တော်များမှာ အကြိတ်အနယ်ဆွေးနွေးပြီး အတည်ပြုခဲ့တာကို သတင်းများမှာ ဖတ်ရှုခဲ့ ရပါတယ်။ ဒီလို တင်ပြတာကလည်း ပုံသေကူးချစေဖို့ ဆိုလိုတာမဟုတ်ဘဲနဲ့ ကိုယ့်နိုင်ငံရဲ့ လုံခြုံရေး အခြေအနေနဲ့ ယှဉ်ထိုးပြီးမှ ချင့်ချိန်နိုင်အောင် တင်ပြရခြင်းဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာက ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြတဲ့ တိုင်းပြည်များမှာ No bill of Attainder or Ex Post Facto Law Shall be Passed ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ဒါကတော့ လူတစ်ဦး၊ တစ်ဖွဲ့တစ်စုကို ဦးတည်တဲ့ဥပဒေကို မပြုရဆိုပြီး တားမြစ်ကြသလို အဲဒီလို ဦးတည်ပြီး ပြဋ္ဌာန်းတဲ့ ဥပဒေတွေဟာလည်း ဥပဒေနဲ့ မညီတဲ့ ဥပဒေတွေပဲ ဖြစ်ပါတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ခြင်း ကိုလည်း ထိပါးစေတယ်။ လူတစ်ဦး၊ တစ်စု၊ တစ်ဖွဲ့အကျိုးစီးပွားကိုလည်း ကာကွယ်ပေးထားတဲ့ဥပဒေ ဖြစ်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးရဲ့ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုကို ယခုထက် ပိုမိုထိပါးလာစေ နိုင်တဲ့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ဆန့်ကျင်နေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၄၆ အရ ဥပဒေအဖြစ် ပြဋ္ဌာန်းလို့မရတဲ့ .. လေးစားစွာ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ဥပဒေကြမ်းနဲ့ ယှဉ်ထိုးပြီးတော့ ကျွန်တော် အကြံပြု ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အဲဒီမှာ ဥပဒေရဲ့ မူလခေါင်းစဉ်မှာ ဆိုလို့ရှိရင် အဆိုပြုပြင်ဆင်ချက်မှာ နိုင်ငံသား များ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေလို့ပဲ ထားရှိသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ပုဂ္ဂိုလ်ဆိုင်ရာဆိုတဲ့ စကားလုံးနှစ်လုံး ထပ်နေတာတွေ့တဲ့အတွက်ကြောင့် မလိုလား အပ်တဲစကားလုံးတွေ ဖောင်းပွနေလို့လည်း မဖြစ်ပါဘူး။ ဥပဒေတစ်ရပ်မှာ ပုဒ်မ ၁ ဤဥပဒေကို နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရ မည်ဟု အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိသင့်ပါတယ်။

ပုဒ်မ ၂ ရဲ့ ၂(က)မှာ ဆိုလို့ရှိရင်လည်း ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များ လုံခြုံမှုကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြား ဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုလို့ အတည်ပြုထားပါတယ်။ အဲဒီဟာကို အဲဒီနေရာမှာ ကျွန်တော့်အနေနဲ့ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်ဥပစာလုံခြုံမှုလို့ ဖြည့်စွက်ချင်ပါတယ်။ ပုဒ်မ ၂ ရဲ့ ခြေဆင်းကိုလည်း အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိသင့်ပါတယ်။ အခန်း(၃)ရဲ့ ခေါင်းစဉ်ဟာဆိုရင် ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ၏ တာဝန် များလို့ ထားရှိသင့်ပါတယ်။ ပြီးတော့ ပုဒ်မ ၅(က)မှာ ဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်က မည်သူ့ကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် ကာကွယ်ပေးရမည်ဟု ပြင်ဆင်အတည်ပြုထားပါတယ်။ အဲဒီတော့ ကျွန်တော့် အနေနဲ့တော့ အဆိုပြုပြင်ဆင်ချက်အတိုင်း တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး မည်သူ့ကိုမျှ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် တာဝန်ယူဆောင်ရွက် ရမည်လို့ ထားရှိတာက ပြည့်စုံတယ်လို့ ယူဆပါတယ်။

ပုဒ်မ ၅(ခ)မှာ ဆိုလို့ရှိရင်လည်း ပြည်သူ့လွှတ်တော်က ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်နှင့် နေအိမ်အဖြစ်အသုံးပြုသော အခန်း၊ အဆောက်အဦ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အဦများအတွင်းသို့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်းပြုလုပ်လိုလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ

အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးတစ်ဦး အပါအဝင် အနည်းဆုံး သက်သေနှစ်ဦးနှင့်အတူ ဆောင်ရွက်ရမည်လို့ အတည်ပြုထားပါတယ်။ အဲဒါကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီအနေနဲ့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ကျေးရွာတာဝန်ခံဖြစ်စေ၊ ဆယ်အိမ်မှူးဖြစ်စေ တစ်ဦးဦး အပါအဝင် ဆိုတဲ့စကားကို ဖြည့်စွက်ထားတာကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်ဥပစာ ဆိုပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ အဲဒီတော့ (ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်ဥပစာနှင့် နေအိမ်အဖြစ်အသုံးပြုသော အခန်း၊ အဆောက်အဦ သို့မဟုတ် ပရဝဏ်နှင့် ပရဝဏ်အတွင်းရှိ အဆောက်အဦများအတွင်းသို့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ကျေးရွာတာဝန်ခံဖြစ်စေ၊ ဆယ်အိမ်မှူးတဦးဦးအပါအဝင် အနည်းဆုံးသက်သေနှစ်ဦးနှင့် ဆောင်ရွက်ရမည်ဟု ဖြည့်စွက် အတည်ပြုစေချင်ပါတယ်။

ပုဒ်မ ၆ က ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်း ပြဋ္ဌာန်းသင့်ပါတယ်။ ပုဒ်မ ၇ မှာဆိုရင် အဆိုပြုပြဋ္ဌာန်းချက်မှာ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ခြင်း မပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ကတော့ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသောတရားရုံး၏ ခွင့်ပြုချက်မရရှိဘဲလို့ ဖြည့်စွက်ချင်ပါတယ်။ ပုဒ်မ ၈ မည်သူမျှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်တစ်စုံတစ်ရာမရှိဘဲ ဆိုတဲ့စကားရပ်ကို ကျွန်တော့်အနေနဲ့တော့ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားခြင်းမရှိဘဲလို့ ပြင်ဆင်ချင်ပါတယ်။ အဲဒီလို ပြင်ဆင်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆရတဲ့အကြောင်းအရင်းကလည်း ဒီ ခွင့်ပြုမိန့်ဆိုတဲ့ အသုံးအနှုန်းဟာဆိုလို့ရှိရင် တစ်စုံတစ်ဦးက ခွင့်ပြုမှ ဒီဟာတွေကို ဆောင်ရွက်ခွင့်ရှိမယ်ဆိုတဲ့သဘော သက်ရောက်နေပါတယ်။

အဲဒီမှာ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွေထဲမှာလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၅၄၊ ၅၅ စသဖြင့် အဲဒီပုဒ်မတွေထဲမှာဆိုရင် ဝရမ်းမပါဘဲဖမ်းဆီးခွင့် စသဖြင့် စသည့်ဟာတွေကို စနစ်တကျ ပြဋ္ဌာန်းထားပါတယ်။ အဲဒီဟာတွေကတော့ စနစ်တကျ ပြဋ္ဌာန်းထားတဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံသားတစ်ဦးရဲ့ အခွင့်အရေးတွေကို ကာကွယ်တဲ့နေရာမှာလည်း ကျွန်တော်တို့ နိုင်ငံသားအားလုံးရဲ့ အခွင့်အရေးကိုလည်း ကြည့်ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ နိုင်ငံသားတိုင်းက ဥပဒေအကာအကွယ်ကို ညီတူမျှတူ ရတယ်ဆိုတဲ့နေရာမှာ ဒီလိုမျိုး ရာဇဝတ်မှုကျူးလွန်တဲ့ ပုဂ္ဂိုလ်တွေ၊ ရာဇဝတ်မှုကျူးလွန်တာ ဥပမာ အကျဉ်းထောင်ကနေ ဖောက်ထွက်တာတို့၊ အချုပ်ကနေ ဖောက်ထွက်တာတို့ စသည့်ပုဂ္ဂိုလ်များကပါ ရမယ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီလိုပုဂ္ဂိုလ်တွေ ဖမ်းဆီးတဲ့နေရာမှာလည်း တရားဥပဒေနဲ့ ဟာကွက်ဖြစ်သွားမှာလည်း စိုးရိမ်ပါတယ်။ အဲဒီအတွက် ကျွန်တော့်အနေနဲ့ ပုဒ်မ ၈ ကို အဲဒီအတိုင်း ပြင်ဆင်ချင်ပါတယ်။

ပုဒ်မ ၉ ကိုတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်းပဲ ထားရှိသင့်ပါတယ်။ ပုဒ်မ ၁၀၊ ပုဒ်မ ၁၀ မှာ မည်သည့် ရဲတပ်ဖွဲ့စခန်းမှူးမဆို ဥပဒေအရ အရေးယူဆောင်ရွက်ရန် တိုင်တန်းချက်ကို လက်ခံရရှိလျှင်

ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံရရှိလျှင်ဖြစ်စေ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နှင့်အညီ ချက်ချင်းဆောင်ရွက်ရမည်လို့ ကျွန်တော့်အနေနဲ့ အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိသင့်ပါတယ်။ ပြစ်ဒဏ်များ ဆိုတဲ့အပိုင်းကို ကြည့်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ အဲဒီ ပုဒ်မ ၁၀ ဟာ ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ကတော့ ပုဒ်မ ၁၀ ကို အခန်း(၃) သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တာဝန်ရှိသူများအခန်းမှာ ပုဒ်မတစ်ရပ်အနေနဲ့ ထည့်သွင်းသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဟာက ပုဒ်မ ကျင့်ထုံး ပုဒ်မ ၁၅၄ ကလည်း ကျွန်တော်တို့ FIR ဖွင့်ဖို့ပဲ ပြောထားတာပါ။ အဲဒီအတွက်ကြောင့် သူက ဒီဥပဒေတွေကို ဆောင်ရွက်ရမယ့်ပုဂ္ဂိုလ်တွေရဲ့ တာဝန်အနေနဲ့ပဲ ထည့်သွင်းသင့်ပါတယ်။

နောက်တစ်ခု အဲဒီမှာ ကျွန်တော် အကြံပြုဆွေးနွေးချင်တာကတော့ ဒီ ပုဒ်မ အခန်း(၃)မှာ ဆိုလို့ရှိရင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှတာဝန်များ ဆိုတဲ့အခန်းမှာ ကျွန်တော်တို့ ဒီတာဝန်ကို ပျက်ကွက်လျှင် ဘယ်လိုမျိုးအရေးယူမယ်၊ အပြစ်ပေးမယ်ဆိုတဲ့ကိစ္စ မပါတဲ့အတွက်ကြောင့် အဲဒီအခန်းကိုလည်း ပုဒ်မတစ်ရပ်ရပ်၊ ပြစ်ဒဏ်တစ်ခုခု ထည့်သွင်းပြီးတော့ ပြန်လည်ပြီးတော့ အတည်ပြုသင့်ပါတယ်လို့ အကြံပြုချင်ပါတယ်။ ပုဒ်မ ၁၄ ကလည်း အဆိုပြုပြင်ဆင်ချက်အတိုင်းပဲ ထားရှိသင့်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ ဒီဥပဒေဟာဆိုလို့ရှိရင် ဥပဒေကို ကိုင်တွယ်သုံးစွဲတဲ့လူတွေ ကျွန်တော်တို့ ခေတ်အဆက်ဆက်ကနေပြီးတော့ နိုင်ငံရေးနဲ့ လုပ်တဲ့ပုဂ္ဂိုလ်တွေ စသဖြင့် နိုင်ငံသားတွေကို ဥပဒေမဲ့ စစ်ဆေးတာတွေ၊ ဖမ်းဆီးတာတွေလုပ်တာကို တားဆီးမယ် ဒီဥပဒေကို ကိုင်တွယ်သုံးစွဲတဲ့လူတွေကို တားမြစ်တဲ့ဥပဒေမျိုးလို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေကို ဥပဒေအရ ပြဋ္ဌာန်းပေးဖို့လို့ ယူဆတဲ့အတွက်ကြောင့် ဒီတာဝန်ကို ပျက်ကွက်ရင်၊ တာဝန်ကို ပျက်ကွက်ရင် မည်သို့အရေးယူမည် ဆိုတဲ့ကိစ္စကိုတော့ ပြစ်ဒဏ်တစ်ရပ်အနေနဲ့ ထည့်သွင်းပြီးတော့ ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃) ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာတဲ့ ဗြိတိန်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာ ကြိုဆိုပါကြောင်းနှင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က

ဦးစိုးသိန်း ဖြစ်ပါတယ်။ ဥပဒေမူကြမ်းအပေါ်မှာ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာ အသုံးအနှုန်းများ ခွင့်ပြုပေးဖို့အတွက် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြုသူများဖြစ်ကြတဲ့ ကျွန်တော်တို့အနေနဲ့ ဥပဒေပြုရာမှာ ထားရှိရမယ့်စိတ်သဘောထားကို ဆရာဦးလှဦး က ပြောခဲ့တာမို့ အားလုံးသိရှိပြီးဖြစ်ကြပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ရှေ့မှာလည်း ကျွန်တော်တို့အားလုံးက ကျွန်ုပ် တာဝန်ထမ်းဆောင်မည့်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ ဆိုခဲ့ကြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဥပဒေကြမ်းရဲ့ပုဒ်မ ၇၊ ၈၊ ၉ တို့အား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၆ ရဲ့ တစ်ပိုင်းတစ်စ ဆန့်ကျင်နေတဲ့အတွက်ကြောင့် သုံးသပ်တင်ပြခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)ဟာ Privacy Law နဲ့ အကျုံးမဝင်ပါဘူး။ လူတစ်ဦး တစ်ယောက်ဟာ ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်ခြင်းဖြစ်တဲ့အတွက်ကြောင့် Libel Law ဖြစ်တဲ့အတွက်ကြောင့် ဤဥပဒေကြမ်းမှာ မပါဝင်သင့်ပါဘူး။ တည်ဆဲဥပဒေ ရှိပြီးသား ဖြစ်ပါတယ်။ ပုဒ်မခွဲ(ဆ)ကလည်း တရားမဝင်ပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနိုင်ငံတော်ပိုင်သိမ်းဆည်းခြင်းဆိုင်ရာ တည်ဆဲဥပဒေများ ရှိပြီးဖြစ်တဲ့အတွက်ကြောင့် Privacy Law နဲ့လည်း သက်ဆိုင်ခြင်း မရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေမူကြမ်းကို ရေးဆွဲသူများဟာ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြည့်စွက်မှု - ၄ (The United States Constitution Amendment Ⅳ (1791)၊ လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights)၊ ပုဒ်မ ၁၂၊ ၁၉၄၈ နိုင်ငံတကာ ပြည်သူနှင့် နိုင်ငံရေးအခွင့်အရေး (International Covenant on Civil and Political Rights Article 17,1-2 (1966) CCPR) တို့ကို အခြေခံထားကြောင်း သုံးသပ်နိုင်ပါတယ်။ သို့ရာတွင် အကျိုးစီးပွားတစ်ခုကိုဦးတည်ပြီး ဖြတ်ညှပ်ကပ်ယူထားတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

အဆိုပါ အမေရိကန်ပြည်ထောင်စုရဲ့ ဥပဒေကို မြန်မာဘာသာဖြင့် ဆီလျော်အောင် ဘာသာပြန်မယ်ဆိုရင် ပြည်သူများရဲ့လုံခြုံရေးကို အာမခံစေရန်အတွက် ပြည်သူများ၊ အိမ်များ၊ စာရွက်စာတမ်းများနှင့် ကိုယ်ပိုင်ဆိုင်မှုများအား ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ရှာဖွေခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်းများမပြုရသည့်အပြင် ချိုးဖောက်ခြင်းမပြုရ။ ဖမ်းဆီးရှာဖွေခွင့် ဝရမ်းများ ထုတ်ရန်မလိုဘဲ ဖြစ်နိုင်ဖွယ်ရှိသောအကြောင်းကြောင့် Probable Cause ဖမ်းဆီးထိန်းသိမ်းခြင်းကို ကျမ်းကျိန်ခြင်း သို့မဟုတ် သက်သေခံခြင်းတို့ဖြင့် ပြုနိုင်ပါက သေချာစွာသတ်မှတ်ထားသောနေရာကိုရှာဖွေခြင်း၊ လူနှင့်ပစ္စည်းကို ဖမ်းဆီးထိန်းသိမ်းခြင်း ပြုနိုင်သည်လို့ ပါရှိတာ တွေ့ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်ပြည်ထောင်စုမှာ ထိုဥပဒေရှိစေကာမူ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ ကမ္ဘာ့ကုန်သွယ်ရေးစင်တာကို အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်လုံခြုံရေး အေဂျင်စီများနှင့် လက်အောက်ခံအဖွဲ့အစည်းများအနေနဲ့ ကြားဖြတ်ထောက်လှမ်းရေးလုပ်ငန်းကို အမျိုးသားလုံခြုံရေးခေါင်းစဉ်နဲ့ လုပ်ဆောင်ခဲ့ကြပါတယ်။ နိုင်ငံခြားနဲ့ ဖုန်းပြောသူ (၁)ဘီလီယံ နီးပါးကို ခိုးယူနားထောင်ခဲ့ကြပါတယ်။ သတင်းအချက်အလက် စုဆောင်းရေးဌာနများ Data များကို တရားရုံး ခွင့်ပြုချက်မရဘဲ ရယူသုံးစွဲခဲ့ကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Snowden ပြဿနာ

တက်လာပြီးနောက်ပိုင်း တရားရုံးများတွင် အပြန်အလှန် တရားစွဲဆိုမှုများ ဖြစ်ပေါ်လာပြီးနောက် တရားရုံးများမှ ကန့်သတ်မှုများ ပြုလုပ်ခဲ့ပါတယ်။ ယခင်က ကန့်သတ်ချက်မရှိရယူနိုင်တဲ့ Data များကို ရယူခွင့်နဲ့ (၆)လအထိသာ လက်ဝယ်ထားရှိခွင့်ဆိုသည့် ဆုံးဖြတ်ချက်များ ချပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေမူကြမ်းသည် ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၆ နဲ့ တစ်ပိုင်းတစ်စအားဖြင့် ဆန့်ကျင်နေတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ အရ ဥပဒေ ပြုမရသော ဥပဒေမူကြမ်းတစ်ခု ဖြစ်ပါတယ်။ ဤဥပဒေမူကြမ်းကို လွှတ်တော်က အတည်ပြုစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၆ ပါပြဋ္ဌာန်းချက် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများ ပြည်သူအေးချမ်းသာယာရေးနဲ့ အများပြည်သူအကျိုးငှာ ဥပဒေနဲ့အညီ ကြိုတင်ကာကွယ်ထားရန် လိုအပ်သောကိစ္စရပ်များတွင် ဥပဒေအာဏာသက်ရောက်စေသည့် တာဝန်ရှိသူများ (Law Enforcement Official) အနေဖြင့် လက်ရှိအနေအထားအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ခွင့်ရှိပါတယ်။

ဒါကြောင့် ဥပဒေပြုရန် မလိုပါဘူး။ အကယ်၍ ဥပဒေကို အတင်းအကျပ်ပြဋ္ဌာန်းလိုပါက ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၆ နှင့် ဆန့်ကျင်နေတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ အရ ပျက်ပြယ်မည့်ဥပဒေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတိုင်းသည် နိုင်ငံသား အားလုံးနဲ့ သက်ဆိုင်ရမှာဖြစ်ပါတယ်။ နာမည်ကျော်ကြားသူများ၊ ပိုင်ဆိုင်မှုများသူများအား ကာကွယ်သည့် ဥပဒေမဖြစ်ရပါ။ ချမ်းသာသူဖြစ်စေ၊ နာမည်ကြီးသူဖြစ်စေ ဥပဒေရှေ့မှောက်တွင် အတူတူဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ တန်းတူညီတူဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေ အတည်ဖြစ်ပါက အစိုးရတိုင်း၏ လုံခြုံရေးတာဝန်ယူရသော အဖွဲ့အစည်းများအနေနဲ့ အမျိုးသား အကျိုးစီးပွားနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို စုံစမ်းထောက်လှမ်းခြင်း ပြုလုပ်နိုင်တော့မည် မဟုတ်ပါ သဖြင့် ကျွန်တော်တို့ နိုင်ငံတစ်ဝန်းလုံးသည် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများ၊ ဒုစရိုက် သမားများ၊ လက်နက်မှောင်ခိုဂိုဏ်းများ၊ လူမှောင်ခိုလူကုန်ကူးဂိုဏ်းများ၊ အကြမ်းဖက်သောင်းကျန်းသူများ၊ IS ကဲ့သို့ Terrorist များ၊ ဖောက်ခွဲဖျက်ဆီးသူများ၊ ငွေကြေးခဝါချသူများ၊ အဂတိလိုက်စားသူများ၊ မသမာနည်းဖြင့် ချမ်းသာနေသူများ၊ လာဘ်ပေးလာဘ်ယူကျူးလွန်နေသူများ၊ အခွန်ရှောင်နေသူများ သာမက ရခိုင်ပြည်နယ်အတွင်းရှိ ဘင်္ဂလီအစွန်းရောက်များကို ပြည်ပမှ လျှို့ဝှက်ထောက်ပံ့နေသည့် အဖွဲ့အစည်းများနှင့် ကိုးကန့်ဒေသ ပုန်ကန်သူများအား ပြည်ပကုမ္ပဏီကြီးတစ်ခုက များပြားလှသော ငွေကြေးထောက်ပံ့နေသောအဖွဲ့အစည်းများအဖို့ မြေကြီးနိဗ္ဗာန်ဘုံဖြစ်သွားမှာ ဖြစ်ပါတယ်။ သမိုင်းကို ကျွန်တော်တို့ မေ့ပစ်လို့ မရပါဘူးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့အဖိုး အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင် နဲ့ ခေါင်းဆောင်ကြီးများ လုပ်ကြံခံရခြင်းဟာ ထိုစဉ်က လုံခြုံရေးအားနည်းခဲ့လို့လို့ ကျွန်တော် ယုံကြည် ပါတယ်။

ယခုလည်း IS တွေက ကျွန်တော်တို့ခေါင်းဆောင်ကို ပစ်မှတ်ထားနေပါပြီ။ ဘယ်အဖွဲ့အစည်းက လုံခြုံရေးတာဝန်ပေးမှာလဲလို့ ကျွန်တော် မေးချင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီနိုင်ငံထူထောင်စ သက်တမ်း(၅)နှစ်နဲ့ (၆)လ ရှိပါသေးတယ်။ ဒီမိုကရေစီနိုင်ငံတော့ဖြစ်လာပါမယ်။ သို့သော် လုံခြုံမှု၊ တည်ငြိမ်မှု၊ အေးချမ်းမှု မရှိတဲ့နိုင်ငံအဖြစ် ရောက်သွားမည့်အန္တရာယ်ကို သတိပြုသင့်ပါတယ်။ ဒီမိုကရေစီအရေးနှင့် လုံခြုံရေးကို ဟန်ချက်ညီညီ တစ်ဆင့်ပြီးတစ်ဆင့် ရွေ့ရပါမယ်။ ကျကွဲတတ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီတိုင်းပြည်များမှာ လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများဟာ

ဥပဒေအထက်တွင်ရှိတဲ့ လူတန်းစားများ မဟုတ်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း မဟုတ်ကြပါဘူး။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားကို ကာကွယ်ရန် လုပ်သင့်သောအလုပ်ကို လုပ်နေကြတဲ့ အဖွဲ့အစည်းများသာ ဖြစ်ပါတယ်။ ဒါကြောင့် လုံခြုံရေးတာဝန်ယူရတဲ့ အဖွဲ့အစည်းများရဲ့ လုပ်ဆောင်ပိုင်ခွင့်ကို ပိတ်ပင်တဲ့ဥပဒေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်မှုမပြုနိုင်အောင် ဦးတည်တဲ့ ဥပဒေဖြစ်ခြင်းနှင့် လက်ရှိ သမ္မတကြီးဦးထင်ကျော် အစိုးရအား လုံခြုံရေးကိစ္စမှာ မျက်စိပိတ်၊ နားပိတ် မဖြစ်စေလိုခြင်းတို့ကြောင့် ပြင်ဆင်ရန် မသင့်သေးပါကြောင်း လေးစားစွာ အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်က အတည်ပြု ပေးပို့လာတဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်များကို ကြည့်မယ်ဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရန်၊ မည်သူမျှပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို နစ်နာဆုံးရှုံးမှုမရှိစေရန်၊ နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဘဝလုံခြုံမှုများ ရရှိစေရန် စတဲ့အချက်တွေကို တွေ့ရပါတယ်။ ဥပဒေရဲ့နိဒါန်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုများကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ဆိုပြီးတော့ ဖော်ပြပါရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းမှာ ပုဒ်မပေါင်း (၄၆)ခု ရှိပါတယ်။ အခု ဆွေးနွေးတဲ့ ဥပဒေကြမ်းဟာဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) ရဲ့ ပုဒ်မ ၃၅၃ ၊ ၃၅၄(က) ၊၃၅၅၊ ၃၅၆၊ ၃၅၇နဲ့ ၃၇၆ တို့နဲ့ အကျုံးဝင်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ တင်ပြလိုတာက ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ နိုင်ငံသားများအတွက် အခွင့်အရေးတွေကို ကာကွယ်ပေးတဲ့ ဥပဒေတွေကို ပြင်ဆင်ရန်ရမှာက ကျွန်မတို့ လွှတ်တော်ရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီနိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းဟာ အခြေခံဥပဒေအခန်း(၈) တစ်ခုလုံးမှာပါတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများအနက် တစ်စိတ်တစ်ပိုင်းကို ကာကွယ်ပေးနိုင်တဲ့ ဥပဒေကြမ်းတစ်ရပ်လို့ ဆိုရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီဥပဒေကြမ်းရဲ့ အခန်း(၁)၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)၊ အခန်း(၃) အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၊ အခန်း(၄) အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၁၀၊ အခန်း(၅)၊ အပိုဒ် ၁၁ နဲ့ အပိုဒ် ၁၂ တို့ကို အဓိကထား ဆွေးနွေးသွားပါမယ်ရှင်။ အပိုဒ် ၁၊ အခန်း(၂)ရဲ့ အပိုဒ်ခွဲ(ဂ)မှာ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာ ဆောင်ရွက်ခွင့်၊ လွတ်လပ်စွာနေထိုင်ခွင့်နဲ့ လွတ်လပ်စွာပြောဆိုခွင့်ကိုဆိုသည် ဆိုပြီးတော့ အဓိပ္ပာယ် ဖွင့်ဆိုထားပါတယ်။ ကျွန်မအနေနဲ့ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄(က)မှာ ပါတဲ့အတိုင်း "လွတ်လပ်စွာ ရေးသားဖြန့်ဝေခွင့်" ဆိုတဲ့စကားရပ်ကိုပါ ထပ်ပြီးတော့ ဖြည့်စွက်လိုပါတယ်။ အခန်း(၃)၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)မှာတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ ပြင်ဆင် ဖြည့်စွက်ချက်ဟာ ပိုပြီး ပြည့်စုံတဲ့အတွက် အဲဒီအတိုင်းပြဋ္ဌာန်းသင့်တယ်လို့ ယူဆပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခန်း(၄)၊ အပိုဒ် ၇ နဲ့ ပတ်သက်ပြီးတော့ အထူးအလေးထား ဆွေးနွေး လိုပါတယ်။ ကျွန်မတို့ ဥပဒေပြုလွှတ်တော်အနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးအတွက် ဥပဒေအသစ်တွေ ပြဋ္ဌာန်းဖို့ လိုအပ်လာတဲ့အခါမှာ အသစ်ရေးဆွဲပြဋ္ဌာန်းရသလို တည်ဆဲဥပဒေ တစ်ရပ်မှာ ရှိနေပြီးသား အချို့သော ပြဋ္ဌာန်းချက်တွေ၊ ပြစ်မှု၊ ပြစ်ဒဏ်တွေဟာ အခြားတည်ဆဲ တစ်ရပ်ရပ်မှာလည်း ထပ်ပြီးတော့ ပါရှိနေတယ်ဆိုရင် မလိုအပ်ဘဲ ဥပဒေတွေ ဖောင်းပွမှု မဖြစ်အောင် ပယ်ဖျက်သင့်၊ ရုပ်သိမ်းသင့်တာတွေကို ပယ်ဖျက်ရုပ်သိမ်းဖို့ တာဝန်ရှိပါတယ်။ ဥပမာ မကြာသေးခင် ကပဲ အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းခဲ့ခြင်းဟာ ဒီသဘောတရားပါပဲ။ ဒီလို မလိုအပ်တော့တဲ့ ထပ်တလဲလဲဖြစ်နေတဲ့ ဥပဒေတွေကို ပယ်ဖျက် ရုပ်သိမ်းနေရင်းနဲ့ပဲ နောက်ထပ် ထပ်တလဲလဲဖြစ် စေမယ့် ဥပဒေမျိုးတွေကိုလည်း မပြဋ္ဌာန်းမိစေဖို့လည်း ကျွန်မတို့ ဥပဒေပြုလွှတ်တော်ရဲ့ကိုယ်စားလှယ် တွေက သတိချပ်ဖို့ လိုပါတယ်။ ဒီဥပဒေကြမ်းရဲ့ အပိုဒ် ၇ မှာ မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါး တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူကိုမျှ (၂၄)နာရီထက် ကျော်လွန်၍ ချုပ်နှောင်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားပါတယ်။ အပိုဒ် ၇ နဲ့ဆက်စပ်ပြီးတော့ ပြစ်ဒဏ်အနေနဲ့ အနည်းဆုံး (၆)လမှ အများဆုံး (၃)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်(၃)သိန်းမှ အများဆုံး ကျပ်(၁၅)သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

တကယ်တော့ မတရားချုပ်နှောင်ထားမှုနဲ့ပတ်သက်လို့ ရာဇသတ်ကြီးပုဒ်မ ၃၄၀၊ ၃၄၂ ၊ ၃၄၃၊ ၃၄၄ ၊ ၃၄၅၊ ၃၄၆ ၊ ၃၄၇ နဲ့ ၃၄၈ တို့မှာ အသေးစိတ်ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ (၂၄)နာရီ အထိချုပ်မှ မဟုတ်ပါဘူးရှင်။ နာရီပိုင်းလောက်ပဲ မတရားချုပ်နှောင်ထားမှုကို ကျူးလွန်မယ်ဆိုရင် ဒီရာဇသတ်ကြီးပုဒ်မတွေအရ ပြစ်ဒဏ်ထိုက်မှာ ဖြစ်ပါတယ်။ ဒီပြစ်ဒဏ်တွေဟာ ထိရောက်ဟန့်တား လောက်တဲ့ ပြစ်ဒဏ်တွေလည်း ဖြစ်ပါတယ်။ ဥပဒေဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုး ရှိစေဖို့၊ အကာအကွယ်ဖြစ်စေဖို့ ပြဋ္ဌာန်းတာဖြစ်တဲ့အတွက် အကျိုးရှိစေတဲ့၊ အကာအကွယ်ဖြစ်စေတဲ့ တည်ဆဲဥပဒေ ရှိပြီးသားဆိုရင် နောက်ထပ် အလားတူပြဋ္ဌာန်းချက်တွေ ဆောင်ရွက်စရာ မလိုဘူးလို့ ယူဆပါတယ်။ ဒါကြောင့် ဒီဥပဒေရဲ့အပိုဒ် ၇ ကို ပယ်ဖျက်သင့်ပါကြောင်းနဲ့ သူနဲ့ဆက်စပ်တဲ့ ပြစ်ဒဏ် ပြဋ္ဌာန်းချက် အပိုဒ် ၁၁ က အစိတ်အပိုင်းကိုလည်း ပယ်ဖျက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အခန်း(၄)၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဈ) ပြဋ္ဌာန်းချက်ဟာ မလိုအပ်ပါဘူး။ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်နဲ့ပဲ ပြည့်စုံပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့

အစီရင်ခံစာပါ လေ့လာအကြံပြုချက်အတိုင်း အပိုဒ် ၈၊ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်သင့်ပါတယ်။ အပိုဒ် ၄၊ အပိုဒ် ၁၀ အရ ဒီဥပဒေကြမ်းပါ တားမြစ်ချက်များကိုဖောက်ဖျက်ကျူးလွန်မှု၊ တာဝန်များကိုဆောင်ရွက်ရန် ပျက်ကွက်မှုများဟာ ရဲအရေးပိုင်သောပြစ်မှုများလို့ ယူဆရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ ဟာ ရဲအရေးပိုင်တဲ့ ပြစ်မှုများဖြစ်တဲ့အတွက် ရဲအရေးပိုင်တဲ့ ပြစ်မှုများအတွက် ပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများပဲ ဖြစ်ပါတယ်။

အခန်း(၅)၊ အပိုဒ် ၁၂ ကို ဆက်ပြီးတော့ ဆွေးနွေးပါမယ်ရှင်။ အပိုဒ် ၁၂ မှာ မည်သူမဆို ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် အကြောင်းမဲ့ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၁)နှစ်မှ အများဆုံး (၅)နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်(၅)သိန်းမှ အများဆုံး ကျပ်(၂၅)သိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်လို့ ပြဋ္ဌာန်းရာမှာ ကျွန်မအနေနဲ့ မည်သူမဆို ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပုဒ်မ ၆၊ ပုဒ်မ ၁၀ ပါ တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် စသဖြင့် ဖြည့်စွက် ပယ်ဖျက်မှုကို လုပ်လိုပါတယ်။ ကျွန်မ ဖြည့်စွက်ချက်က "ပုဒ်မ ၆" ဆိုတဲ့ စကားရပ်ဖြစ်ပြီး ပယ်ဖျက်ချက် ကတော့ "အကြောင်းမဲ့" ဆိုတဲ့ စကားရပ်ဖြစ်ပါတယ်။ ပုဒ်မ ၆ မှာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တာဝန်ရှိသူများဟာ ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။ မိမိဌာနက အရေးယူဆောင်ရွက်ရမည့်ကိစ္စ မဟုတ်ကြောင်း ပေါ်ပေါက်ပါက အကျိုးအကြောင်း ဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း(၃၀)အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့်ဌာနအဖွဲ့အစည်းသို့ တိုင်ကြားသင့်ကြောင်း အကြံပြုချက် ပါရှိရမည်ဆိုပြီးတော့ တာဝန်ကို အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ တာဝန်ကို သတ်မှတ်ပြဋ္ဌာန်းထားပေမယ့် ဒီတာဝန်ကို ပျက်ကွက်ခဲ့လျှင် ဘယ်လိုအရေးယူမယ်ဆိုတဲ့ပြဋ္ဌာန်းချက် မပါ ပါဘူး။

ဒါကြောင့် ကျွန်မတို့ နိုင်ငံသားတွေရဲ့ တိုင်ကြားချက်တွေ အဟောသိကံ မဖြစ်စေဖို့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တာဝန်ရှိသူတွေအနေနဲ့ တာဝန်ယူမှု တာဝန်ခံမှု ပိုပြင်စေဖို့အတွက် ပြစ်ဒဏ် တစ်ရပ်အနေနဲ့ ထည့်သွင်းပြဋ္ဌာန်းဖို့ လိုအပ်တာကြောင့် ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ အကြောင်းမဲ့ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်လိုရတဲ့ အကြောင်းရင်းကတော့ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နဲ့အညီ ဆောင်ရွက်ရမယ့်ကိစ္စမှာ "အကြောင်းမဲ့" ဆိုတဲ့ စကားရပ် မလိုအပ်ပါဘူး။ အဲဒီ ကျင့်ထုံးဥပဒေ ပုဒ်မ ပြဋ္ဌာန်းချက်အတိုင်းသာ တိတိကျကျဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ နိုင်ငံသားတွေရဲ့ အကာအကွယ်ပေးတဲ့ ဥပဒေတွေ၊ နိုင်ငံသားတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းရာမှာ ဒီဥပဒေရဲ့ ကောင်းကျိုး အနှစ်သာရကို နိုင်ငံသားတွေ အမှန်တကယ် ရရှိခံစားနိုင်စေဖို့နဲ့ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့ ဥပဒေကို လက်တစ်လုံးကြားလုပ်လို့ မရနိုင်အောင်အထိ တိကျရှင်းလင်းပြတ်သားတဲ့ ပြဋ္ဌာန်းချက်တွေ ဖြစ်ဖို့ အရေးကြီးပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မိမိတို့ကိုယ်တိုင်ဘဝများ လွတ်လပ်မှု၊ လုံခြုံမှု၊ အပြည့်အဝရရှိကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။

ကျွန်တော် ဆွေးနွေးမှာက နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအပေါ်မှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားတဲ့အပေါ်မှာ အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။ သို့သော် ကြားဖြတ်အနေနဲ့ ဥက္ကဋ္ဌကြီးကို ခွင့်တောင်းပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မနဲ့ ဆန့်ကျင်တဲ့ဥပဒေဖြစ်တယ်လို့ မိတ်ဆွေများက ဆွေးနွေးလို့ ကျွန်တော့် အနေနဲ့ အနည်းအကျဉ်း ဆွေးနွေးခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၆ မှာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အများပြည်သူ အကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စရပ်မှတစ်ပါးလို့ ပြဋ္ဌာန်းပြီးသားပါ။ ဒီဆိုလိုချက်များနှင့် ဘာမှ ဆန့်ကျင်စရာအကြောင်း မရှိပါဘူး။ တည်ဆဲဥပဒေအရ ခွင့်ပြုသည့်ကိစ္စရပ်မှတစ်ပါးလို့ သီးခြားကိုပဲ ဥပဒေက ခွင့်ပြုထားပြီးသားပါ။ အဲဒါကို ကျွန်တော် ပဏာမအနေနဲ့ တင်ပြလိုတယ်။

နောက်တစ်ခုက ဥက္ကဋ္ဌကြီး အဖိုးဖြစ်တဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရခြင်းဟာ လုံခြုံရေးအားနည်းလို့ လို့ လျှောက်ထားတာမျိုးရှိပါတယ်။ လုံခြုံရေးကို ဘယ်သူက တာဝန်ယူမှာ လည်း ဒီဥပဒေရဲ့ ရည်ရွယ်ချက်က ဒါနဲ့ မဆိုင်ဘူး။ ဒါ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ သွားရမယ့် လုံခြုံရေးပဲ။ အဲဒါ နိုင်ငံတော်လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ ဒီဟာနဲ့ မဆိုင်ဘူး။ တစ်ခြားစီ ဥပဒေသဘောတရားအရ။ အဲဒီတော့ ဆက်လက်ပြီး တင်ပြရမယ်ဆိုရင် ဒီဥပဒေက ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကိုယ်စားပေးနိုင်ဖို့ဆိုပြီးတော့ မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ ပြဋ္ဌာန်းတဲ့ ဥပဒေဖြစ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)မှာ နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုပြီးတော့ အထင်ကရ ပြဋ္ဌာန်းထားပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ၁၉၄၈ ခုနှစ်ကတည်းက လွတ်လပ်ရေးရပြီးတဲ့ အချိန်ကစပြီးတော့ ပါလီမန်ခေတ်မှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးတွေ ရရှိခဲ့ကြပေတယ်လို့ အကြောင်းအမျိုးမျိုးကြောင့် ၁၉၆၂ ခုနှစ်မှာ နိုင်ငံတော်အုပ်ချုပ်ပုံစနစ်ပြောင်းလဲသွားခဲ့လို့ မြန်မာပြည်သူများ မူလအခွင့်အရေးများ ဆုံးရှုံးနစ်နာနေခဲ့ကြတာဟာ ယနေ့အထိဆိုတာ အဆုံးမသတ်သေးပါဘူး။ ဘာကြောင့်လဲဆိုရင် မွေးရာပါ အခွင့်အရေးများဖြစ်ကြတဲ့ လွတ်လပ်ခွင့်၊ လုံခြုံခွင့်ဆိုတဲ့ လူသားခွင့်အရေးများအပေါ်မှာ ကန့်သတ်၊ ချုပ်ချယ်၊ ဖိနှိပ်ခဲ့ကြလို့ပါပဲ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမျှ ဥပဒေအရာတွင်လည်းကောင်း၊ တန်းတူညီမျှအခွင့်အရေးရှိစေရမည်။ ဥပဒေအကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ပုဒ်မ ၃၅၃ မှာ မည်သူ့ကိုမျှ တည်ဆဲဥပဒေနဲ့အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။

သို့ပါသော်လည်း မြန်မာနိုင်ငံဟာ ကမ္ဘာက အသိအမှတ်ပြုထားလောက်အောင်ထိ လူ့အခွင့်အရေးချိုးဖောက်လွန်းတဲ့ နိုင်ငံဖြစ်နေတော့ ဥပဒေစိုးမိုးမှုမရှိလို့ အခုဖော်ပြထားတဲ့ ဥပဒေပါ အခွင့်အရေးများကို ကျွန်တော်တို့ ပြည်သူများ မခံစားခဲ့ကြရပါဘူး။ ဒါ့အပြင် ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ဥပဒေအရ အကာအကွယ်ပေးရမည်လို့ ပြဋ္ဌာန်းထားပေမယ့် ကျွန်တော်တို့ တစ်နိုင်ငံလုံးဟာ လယ်သမား၊ ယာသမားများဟာ လယ်မဲ့၊ ယာမဲ့ ဘဝများနဲ့၊ အခြေအနေမဲ့ ဘဝများနဲ့ ထိတ်လန့်စရာ ကောင်းလောက်အောင် ဘဝဆိုးများနဲ့ လက်တွေ့ရင်ဆိုင်နေကြရပါတယ်။ ဒီလိုအခြေအနေတွေက ယနေ့ ပြောင်းလဲနေစပြုနေပြီဖြစ်တဲ့ လူသားဝါဒ၊ ပြည်သူအခြေပြုတဲ့ဝါဒ ကျင့်သုံးနေပြီဖြစ်တဲ့ ပြည်သူ့ အစိုးရခေတ်မှာ ပြည်သူများရဲ့ မွေးရာပါ အခွင့်အရေးများဖြစ်တဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု၊ လုံခြုံမှု ဆိုတဲ့ ဒီဥပဒေကို ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုထောက်ခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေရဲ့ ပုဒ်မ ၉ မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်၌ အတိအလင်းခွင့်ပြုထားခြင်းမရှိလျှင် မည်သူမျှ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာ ဖွေသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရလို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်ဟာ ဒီဥပဒေရဲ့ အဓိကပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာပါဝင်တဲ့ စကားရပ်များဟာ ပြည့်စုံ လုံလောက်ပါတယ်။ ဘာကိုရည်ရွယ်သလဲဆိုရင် ပြည်သူတွေကိုယ်တိုင် လူအများရှိတဲ့ လက်ဖက်ရည် ဆိုင်တွေ၊ စားသောက်ဆိုင်တွေ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆွေးနွေးခွင့်၊ သတင်းစကားပြောကြားခွင့် မရနိုင်ခဲ့ကြတဲ့ အခွင့်အရေးဆုံးရှုံးတဲ့ကာလတွေ နှစ်များစွာ ကြုံတွေ့ခဲ့ရပြီး ဖြစ်ရပြီးလို့ ဒီဥပဒေဟာ ပြည်သူများရဲ့ ကိုယ်ပိုင်လွတ်လပ်လုံခြုံတဲ့ဘဝတွေ ရရှိခံစားရမှာ ဖြစ်ပါတယ်။

မြန်မာပြည်သူများအနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ အမှောင်ခေတ်မှာ ပြောတိုးတိုး၊ သွားတိုးတိုးနဲ့ ကျီးလန့်စာစား အထိတ်တလန့်နဲ့ နေခဲ့ကြရတဲ့ မလုံခြုံတဲ့ဘဝတွေ ဒီဥပဒေက အကာအကွယ်ပေးမှာ ဖြစ်ပါတယ်။ လူသားလွတ်လပ်ခွင့် ဆုံးရှုံးပြီးတော့ လုံခြုံတဲ့ကာလတွေမှာ၊ လုံခြုံမှုမဲ့ကာလတွေမှာ ပြည်သူတစ်ရပ်လုံးဟာ မွေးရာပါအခွင့်အရေးတွေ၊ ဥပဒေပါအခွင့်အရေးတွေ နစ်နာဆုံးရှုံးခဲ့တာဟာ မတရားတဲ့ အမိန့်များကြောင့် ကျောက်စိုင်ကျောက်ခဲလို ခိုင်မြဲတဲ့အထိ လိုက်နာနေထိုင်လာခဲ့ကြတာဟာ သေသော်မှသည် သြော်ကောင်း၏ဆိုတဲ့ ရှေးစာဆိုတစ်ဦးရဲ့ ကဗျာစာဆိုအတိုင်း လူ့သိက္ခာအတွက် အတိုင်းမသိ တန်ဖိုးမဲ့ ဖြစ်စေခဲ့ကြဖူးပါတယ်။

ဒါ့အပြင် ဆက်လက်ပြီးတော့ တင်ပြလိုတာက လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့က ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)မှာ နိုင်ငံသားတစ်ဦးရဲ့ တရားဝင်ရရှိပိုင်ဆိုင်ထားသော မရွှေ့ပြောင်းနိုင်သောပစ္စည်းများလို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ တရားဝင်ရရှိပိုင်ဆိုင်ထားသော ဆိုတဲ့စကားရပ်က အငြင်းပွားစရာ ဖြစ်နိုင်ပါတယ်။ မြန်မာ့လူနေမှုစနစ်အရ အရပ်စာချုပ်များနဲ့ ဝယ်ယူပိုင်ဆိုင်ထားတာက များနေလို့ပါပဲ။ ဒါကြောင့် ဒီစကားရပ်အပြင် သို့မဟုတ် ခံပြီးတော့ ပိုင်ဆိုင်သည်ဟု ယုံကြည်ရသောလို့ ဖြည့်စွက်လိုက်ရင် အဆင်ပြေမယ်လို့ အကြံပြုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ လေးစားလိုက်နာ ကျင့်သုံးနိုင်ကြဖို့ လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လူပုဂ္ဂိုလ် လုံခြုံမှု ရခွင့်ရှိသည်လို့ အပိုဒ် ၃ မှာ လည်းကောင်း၊ မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုပ်သော လူမဆန်သော လူ့သိက္ခာညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း၊ အပြစ်ဒဏ်ပေးခြင်း မပြုရလို့ အပိုဒ် ၅ မှာလည်းကောင်း၊ လူတိုင်းသည် ဥပဒေအရာ၌ လူပုဂ္ဂိုလ်တစ်ဦးဦးဖြစ်ဖြစ် နေရာတိုင်းတွင် အသိအမှတ်ပြုခြင်းကို ခံယူပိုင်ခွင့်ရှိသည်လို့ အပိုဒ် ၆ မှာလည်းကောင်း၊ လူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ၎င်းအား ခံစားခွင့်ပြုထားသည့် မူလအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရလျှင် ထိုသူသည် စီရင်ပိုင်ခွင့်ရှိသော နိုင်ငံတော်ခုံရုံးများ၏ ထိရောက်သော ကုစားပေးမှုကို ရပိုင်ခွင့်ရှိစေရမည်လို့ အပိုဒ် ၈ မှာလည်းကောင်း၊ မည်သူမျှမတရားဖမ်းဆီးခြင်း၊ မတရားချုပ်နှောင်ခြင်း၊ မတရားပြည်နှင်ခြင်း မခံစေရလို့ အပိုဒ် ၉ မှာလည်းကောင်း အသီးသီး ဖော်ပြပါရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့် လုံခြုံခွင့်အတွက် ပြည်သူများအားလုံး ရရှိခံစားနိုင်ကြရန်နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ အထက်ဖော်ပြပါအတိုင်း မြန်မာပြည်သူများ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် လူ့သိက္ခာ အပြည့်အဝရရှိဖို့ ဒီဥပဒေပြဋ္ဌာန်းခြင်းကို ဒီဥပဒေပြုလွှတ်တော်ကြီးက အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းပေးပါလို့ မေတ္တာရပ်ခံပန်ကြားရင်း အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်များ ဆွေးနွေးခြင်း အစီအစဉ် ပြန်လည်စတင်ပါမယ်။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၆။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့် ကျွန်မအနေနဲ့တော့ ဒီ ဥပဒေဟာ ကျွန်မတို့နိုင်ငံရဲ့ လက်ရှိတည်ဆဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်းများစွာနဲ့ ပုဒ်မများစွာနဲ့ အလွန်ပဲ ကိုက်ညီမှုရှိတဲ့အပြင် ကျွန်မတို့နိုင်ငံကနေပြီးတော့မှ လက်မှတ်ရေးထိုးထားတဲ့ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှု စာချုပ်တွေမှာ ဖော်ပြထားတဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု၊ လုံခြုံမှုဆိုတာနဲ့လည်း ကိုက်ညီမှုရှိပါတယ်။ အဲဒီ့အပြင် ဒီဥပဒေဟာ တကယ်တမ်းဆိုလို့ ရှိရင် ကျွန်မတို့နိုင်ငံသားတစ်ဦးချင်းစီရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုအတွက် လုံခြုံမှုကို (၁၀၀)ရာခိုင်နှုန်း အပြည့်အဝတောင်မှ အကာအကွယ်မပေးနိုင်ပါဘူးလို့ ကျွန်မအနေနဲ့ မပေးနိုင်သေးလို့ ဆွေးနွေးနေရခြင်းဖြစ်ပါတယ်။ အဲဒါကို ကျွန်မအနေနဲ့ ပဏာမပြောကြားလိုပါတယ်။

ဒီဥပဒေဟာ ဘယ်လောက်ထိ ကျွန်မတို့ရဲ့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ နဲ့ ကိုက်ညီမှုရှိသလဲဆိုရင် ကျွန်မအနေနဲ့ အနည်းငယ်တင်ပြချင်ပါတယ်။ အဲဒါကတော့ အခန်း(၁) နိုင်ငံတော် အခြေခံမူများ၊ အပိုဒ် ၂၁(ဃ)မှာ ဆိုလို့ရှိရင် နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေ ပြဋ္ဌာန်းရမည် ဖြစ်ပါသည်။ ဒီဟာနှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကျွန်မတို့ဟာ ဒီဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်တယ်လို့ ကျွန်မအနေနဲ့ ယုံကြည်သလို အလေးအနက်လည်း ထောက်ခံပါတယ်။ အဲဒီ့အပြင် ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အထွေထွေပြဋ္ဌာန်းချက်မှာဆိုလို့ရှိရင်လည်း အထွေထွေပြဋ္ဌာန်းချက် ကျွန်မတို့ ဒီ ပုဒ်မ ၄၅၁ မှာဆိုရင် နိုင်ငံတော်သည် ဥပဒေပြုရာတွင်လည်းကောင်း၊ အုပ်ချုပ်ရာတွင်လည်းကောင်း၊ နိုင်ငံတော်အခြေခံမူများနှင့်အညီ အလေးဂရုပြု ဆောင်ရွက်ရမည်။ သို့ရာတွင် ထိုသို့ ဆောင်ရွက်စေရန် မည်သည့်တရားရုံးတွင်မှ တရားစွဲဆိုခွင့် မရှိစေရဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီပါတယ်။

ထို့အပြင် ခုနတုန်းက ကျွန်မတို့ ကိုယ်စားလှယ်ကြီး ဦးလှဦး နဲ့ ဒေါ်မြတ်သီတာထွန်း ပြောသွားသလိုပဲ အခန်း(၈) အဓိကတိုက်ဆိုင်နေတာကတော့၊ ကိုက်ညီနေတာကတော့ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့ တာဝန်များ ပုဒ်မ ၃၅၃၊ ပုဒ်မ ၃၅၄(က)၊ ၃၅၅၊ ၃၅၆ တို့နဲ့လည်း ကိုက်ညီမှုရှိပါတယ်။ ဥပမာတစ်ခုဆိုလို့ရှိရင် ကျွန်မအနေနဲ့ ပုဒ်မ ၃၅၃ မှာ မည်သူ့ကိုမျှ

တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရလို့ဖော်ပြထားတာ။ ဒီဥပဒေဟာ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေဆိုတာနဲ့လည်း ကိုက်ညီမှု ရှိပါတယ်။ ၃၅၄(က)မှာ ဆိုလို့ရှိရင်လည်း ကျွန်မတို့ ဒါတွေ အများကြီးဖော်ပြထားပါတယ်။

အဲဒီတော့ ကျွန်မကတော့ ဒီပုဒ်မအားလုံးကို အချိန်အကန့်အသတ်ကြောင့်မို့လို့ အပြည့်အစုံ မဖော်ပြနိုင်လို့ ဒီမှာပဲ ရပ်ခွင့်ပြုပါ။ ကျွန်မအနေနဲ့ ဆက်လက်ပြီးတော့ ကျွန်မရဲ့ ဒီဥပဒေနဲ့ ပတ်သက်ပြီး တော့မှ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်၊ ပယ်ဖျက်ချက်နဲ့ မူလပြဋ္ဌာန်းချက်အတိုင်း တင်ပြမှာကို ကျွန်မအနေနဲ့ Power Point နဲ့ တင်ပြခွင့်ပြုပါလို့ တောင်းခံပါတယ်။ ကျွန်မကို Power Point ပြပေးပါရှင်။ ဒီဥပဒေရဲ့ အခန်း(၃)သက်ဆိုင်ရာဝန်ကြီးဌာနရဲ့တာဝန်များ၊ အပိုဒ် (၅) မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနရဲ့ တာဝန်ရှိသူများဆိုပြီးတော့ အဆိုပြုပြဋ္ဌာန်းချက်မှာလည်း ပြဋ္ဌာန်းထားပါတယ်။ အဲဒါကို ပြည်သူ့ လွှတ်တော်ရဲ့ အတည်ပြုချက်မှာလည်း ကျွန်မတို့တင်ပြထားတာဖြစ်ပါတယ်။ အချိန်ကို ငဲ့ကွက်သော ကြောင့် ကျွန်မအနေနဲ့ ကျွန်မပြင်ဆင်လိုတဲ့ အချက်တွေကိုပဲ တင်ပြချင်ပါတယ်။ ကျွန်မအနေနဲ့ ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ လေ့လာတွေ့ရှိချက်ဖြစ်တဲ့ ထပ်ဖြည့်စွက်ချက် ဖြစ်တဲ့ ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးဖြစ်စေ၊ ဆယ်အိမ်မှူးဖြစ်စေ တစ်ဦးဦးအပါအဝင် အနည်းဆုံး သက်သေ(၂)ဦးနဲ့ ဆောင်ရွက်ရမည်ဆိုတဲ့အချက်ကို ဖြည့်စေချင်ပါတယ်။ ကျွန်မရဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးစနစ်တွေမှာ ကျေးရွာတာဝန်ခံများရှိလာပါက ကိုက်ညီမှုရှိစေရန် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အခန်း(၄) တားမြစ်ချက်များ ဖြစ်ပါတယ်။

အဆိုပြုပြဋ္ဌာန်းချက်ရဲ့ အပိုဒ် (၈)မှာ မည်သူမျှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရှိဘဲဆိုတာကို ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ အတည်ပြုချက်အနေနဲ့ မည်သူမျှ တည်ဆဲဥပဒေ နှင့်အညီ ခွင့်ပြုမိန့်တစ်စုံတစ်ရာမရရှိဘဲဆိုတာကို ဒီတိုင်းပဲ ကျွန်မတို့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်းပဲလို့ အတည်ပြုထားပါတယ်။ ကျွန်မအနေနဲ့ကတော့ အပိုဒ်(၈)ရဲ့ ခြေဆင်းမှာပြောထားတဲ့ မည်သူမျှ တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုချက် သို့မဟုတ် ဝရမ်းတစ်စုံတစ်ရာ မရှိဘဲဆိုတဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ တင်ပြထားတဲ့အတိုင်းကို ကျွန်မအနေနဲ့ ဆက်လက်ပြီးတော့ ထောက်ခံပါတယ်။

အဲဒီ့အပြင် ကျွန်မအနေနဲ့ ထပ်ဖြည့်ပြီးတော့ပေါ့၊ အပိုဒ်(၈)၊ အပိုဒ်ခွဲ (ဂ)မှာ ပုဂ္ဂိုလ်တစ်ဦး နှင့်တစ်ဦးကြား တိုက်ရိုက်ပြောကြားခြင်းကို လျှို့ဝှက်အသံဖမ်းယူခြင်းဖြစ်စေ၊ ဆက်သွယ်ရေးပစ္စည်း ကိရိယာတစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ် ဖမ်းယူနားထောင်ခြင်းကို ဖြစ်စေ၊ သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်းကိုဖြစ်စေ မပြုရလို့ ထပ်မံပြီးတော့မှ ဖြည့်စွက် ချင်ပါတယ်။ ဒါကလည်း ဥပဒေရဲ့သဘောတရားအရ ပိုပြီးတော့မှ ပြည့်စုံစေရန်ဖြစ်ပါတယ်ရှင်။ နောက် အခန်း(၄) ကျွန်မတို့ တားမြစ်ချက်များ၊ အပိုဒ်(၈)မှာဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ကနေပြီးမှ အသစ် ဖြည့်စွက်ပြီးတော့မှ အတည်ပြုပြဋ္ဌာန်းထားတဲ့ အပိုဒ်(၈)၊ အပိုဒ်ခွဲ(ဇ)ကို ကျွန်မအနေနဲ့ ပယ်ဖျက်ချင် ပါတယ်။ ဘာကြောင့်လဲဆို ခုနက ဒေါ်မြတ်သီတာထွန်း ပြောခဲ့သလိုပဲ၊ အခန်း(၄)၊ အပိုဒ်(၈)၊ အပိုဒ်ခွဲ(ဂ)ဖြင့် အတိအလင်း ပိတ်ပင်ထားပြီးဖြစ်ရာ ဒီပုဒ်မမှာဆိုလို့ရှိရင် တရားစီရင်ရေး ကိစ္စတွေမှာ သက်သေအဖြစ် အသုံးပြုရန်မှအပဆိုတဲ့ ချွင်းချက်ပေးလိုက်တဲ့အတွက်ကြောင့်မိုလို့ အဲဒီ့ အသစ်

ဖြည့်စွက်ချက်ကြောင့် သက်သေအဖြစ် အသုံးပြုရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပုဒ်မ ၈ (ဂ)မှာ ပါရှိတဲ့ တားမြစ်ချက်များကို ပြန်လည်ချေဖျက်ရာရောက်နေသောကြောင့်ပဲ ဖြစ်ပါတယ်ရှင်။

နောက်တစ်ခုပေါ့နော်။ အခန်း(၄)တားမြစ်ချက်မှာပဲရှိပါတယ်။ ဒီအဆိုပြုပြင်ဆင်ချက်အတိုင်း ပြည်သူ့လွှတ်တော်ကတော့ အတည်ပြုထားပါတယ်။ ကျွန်မအနေနဲ့ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြတဲ့အစီရင်ခံစာမှာပါတဲ့အတိုင်းပဲ ပြင်ဆင်လိုပါတယ်။ အဲဒါကတော့ အပိုဒ်(ဧ) မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ဖြင့် နိုင်ငံတော်အကျိုးငှာ ရာထူးတာဝန်တစ်ခုခု ခန့်ထားရန်ကိစ္စမှအပ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ သိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ ဆိုပြီးတော့မှ ကျွန်မအနေနဲ့ ပြင်ဆင်လိုပါတယ်။ အကျိုးအကြောင်း အနေနဲ့ကတော့ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်စေရန်နဲ့ ရာထူးတာဝန် ခန့်ထားရေးတွင် ဆောင်ရွက်မြဲလုပ်ငန်းများနှင့် ညီညွတ်မှုရှိစေရန်ဖြစ်ပါတယ်။ မူလဥပဒေမှာဆိုရင် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများဆိုတာဟာ ဥပဒေရဲ့အထက်မှာရှိနေတဲ့ ဖြစ်တဲ့အတွက်ကြောင့်မို့ ကျွန်မတို့က ဥပဒေနှင့်အညီဆောင်ရွက်ခြင်းသာ ကျွန်မတို့ ဒီဥပဒေထဲမှာ ထည့်သွင်းချင်ပါတယ်။

ကျွန်မအနေနဲ့ နောက်ဆုံးဆွေးနွေးချင်တာကတော့ ဥပဒေ ပုဒ်မ ၁၀ ပေါ့နော်။ ပုဒ်မ ၁၀ မှာ မည်သည့်ရဲတပ်ဖွဲ့၊ စခန်းမှူးမဆို ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ နှင့်အညီ ချက်ချင်း အရေးယူဆောင်ရွက်ရမည်လို့ မူလအဆိုပြုပြင်ဆင်ချက်များပါတဲ့အတိုင်း ကျွန်မကတော့ ချက်ချင်းဆိုတာကို အဲဒီအတိုင်းပဲ ထားချင်ပါတယ်။ ပြည်သူ့လွှတ်တော်မှာကတော့ ချက်ချင်းဆိုတာကို ဖြုတ်ထားပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၅၄ မှာ ဆိုလို့ရှိရင် ဖော်ပြထားတာကတော့ ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းပေးချက်အတိုင်းကို ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူးတစ်ဦးထံ နှုတ်ဖြင့်ပေးခဲ့လျှင် ထိုအရာရှိကိုယ်တိုင် ဖြစ်စေ၊ ၎င်းညွှန်ကြားချက်ဖြင့်ဖြစ်စေ စာဖြင့်ရေးမှတ်ရမည့်အပြင် သတင်းပေးသူအား ပြန်ဖတ်ပြရမည်။ ထို့အပြင် စာဖြင့်ရေးသားပေးသည်ဖြစ်စေ၊ အထက်တွင်ဆိုခဲ့သည့်အတိုင်း စာဖြင့် ရေးမှတ်ယူရသည်ဖြစ်စေ အဆိုပါသတင်းပေးချက်အတိုင်းတွင် သတင်းပေးသူက လက်မှတ်ရေးထိုးရမည်။ ထို့အပြင် ဒီကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက သတ်မှတ်ထားသည့်ပုံစံအတိုင်း အဆိုပါ ရဲအရာရှိက ထားရှိရမည့်စာအုပ်တွင် ထိုသတင်း၏အကျဉ်းချုပ်ကို ထည့်သွင်း ရေးမှတ်ထားရန် ဆိုတာကို ပိုပြီးတော့မှ ကျွန်မတို့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းရဲ့ လုံခြုံရေးဆိုတာ အသက်အန္တရာယ်အထိ အရေးကြီးပါတယ်။

အဲဒါကြောင့်မို့လို့ တစ်ယောက်ယောက်ကနေပြီးတော့မှ တိုင်ကြားလာခဲ့မယ်၊ သတင်းပေးလာခဲ့မယ်ဆိုရင် ချက်ချင်း ဆောင်ရွက်ဖို့ရာ အရမ်းအရေးကြီးပါတယ်။ နို့မို့လို့ရှိရင် အသက်အန္တရာယ်အထိလည်း စိုးရိမ်ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ချက်ချင်းဆိုတာ ထပ်ဖြည့်ချင်ပါတယ်။ ကျွန်မအနေနဲ့ နောက်ဆုံး ပြောကြားချင်တာကတော့ ကျွန်မတို့ အခုပြဋ္ဌာန်းတဲ့ ဥပဒေကြမ်းဟာဆိုလို့ရှိရင် ကျွန်မတို့ ခုနတုန်းကပြောခဲ့တဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ရော၊ နိုင်ငံတကာ သဘောတူလက်မှတ်ရေးထိုးထားတဲ့ ကျွန်မတို့နိုင်ငံ လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ ဥပဒေများနှင့်ပါ

ကိုက်ညီမှုရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ ပြင်ဆင်ဖြည့်စွက်ချက်တွေကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ ထပ်မံစဉ်းစားပြီးတော့မှ အတည်ပြု ပြဋ္ဌာန်းပေးနိုင်ရန် လေးစားစွာနဲ့ တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၄။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ နိုင်ငံသားများအတွက် ဒီမိုကရေစီအခွင့်အရေးတွေ၊ ဖက်ဒရယ်အခွင့်အရေးတွေနဲ့ လူ့သိက္ခာနဲ့ညီမျှတဲ့ ဂုဏ်သိက္ခာနဲ့အညီ ရပ်တည်နိုင်အောင် ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြပါစို့လို့ တိုက်တွန်း ရင်း ဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ကျွန်တော်တို့ အတည်ပြုပေးပို့လာတဲ့ ဥပဒေကြမ်းအပေါ်မှာ အခြေခံပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး ကျွန်တော် ဆွေးနွေးချင်တာကတော့ ကျွန်တော်တို့ ယေဘုယျဥပဒေဖြစ်တဲ့ ရာဇသတ်ကြီး ပြစ်မှုဆိုင်ရာဥပဒေမှာ ပါပြီးဖြစ်တဲ့အတွက် ဒီဥပဒေမှာ အခု နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ရေး ဆိုင်ရာ လွတ်လပ်မှုနဲ့ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေမှာ ကျွန်တော်တို့ ထပ်ထည့်ဖို့ မလိုဘူးဆိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီပြစ်မှုဆိုင်ရာဥပဒေမှာ ပါပြီးတဲ့ကိစ္စတွေကိုပဲ သီးသန့်အထူးပြုတဲ့ နိုင်ငံတော်ရဲ့ပစ္စည်းတွေ ကာကွယ်တဲ့ဥပဒေ၊ အများပိုင်ပစ္စည်း ကာကွယ်တဲ့ဥပဒေ စသည်ဖြင့် အထူး ဥပဒေပေါင်းများစွာမှာ သီးသန့်ဥပဒေအနေနဲ့ ပြန်လည်ပြဋ္ဌာန်းပြီးတော့ အရေးယူတဲ့ပုဒ်မတွေ ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ ပြဋ္ဌာန်းတဲ့ ဓလေ့ထုံးစံပါ။ အထူးဥပဒေတွေက အမြဲတမ်းပဲ ယေဘုယျ ဥပဒေတွေကို လွှမ်းမိုး ပယ်ဖျက် ကျော်လွှားသွားမှာဖြစ်ပါတယ်။ ဒါလေးကို ပထမဦးဆုံး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လေးစားစွာ တင်ပြ လိုပါတယ်။

ဒုတိယတစ်ချက်တင်ပြလိုတာကတော့ ကျွန်တော်တို့ ပုဒ်မ ၇ မှာပါတဲ့ မည်သူမျှ တည်ဆဲ ဥပဒေတစ်ရပ်ရပ်က ခွင့်ပြုသည့်ကိစ္စမှတစ်ပါး တရားရုံး၏ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ (၂၄)နာရီ ထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့စပ်လျဉ်းပြီးတော့ ဒါဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၁(ခ)မှာ ပြဋ္ဌာန်းထားတဲ့ဟာနဲ့ တစ်ထပ်တည်းဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာပါတဲ့ စကားရပ်အတိုင်း အတိအလင်း ပြဋ္ဌာန်းထားတာ တောင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီဘူးလို့ပြောတော့ ကျွန်တော်လည်း တော်တော်စဉ်းစားရခက်ပါ တယ်။ အဲဒီတော့ သူက ဘာကိုအကြောင်းပြုလဲဆိုတော့ ပုဒ်မ ၃၇၆ ကိုအကြောင်းပြုတယ်။ အဲဒီတော့ ပုဒ်မ ၃၇၆ မှာ ဖတ်ကြည့်ရင် ကျွန်တော်တို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ် သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုသည့်ကိစ္စမှတစ်ပါးလို့ ပြည့်စုံစွာ ဖော်ပြ

ထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ အခု ဆွေးနွေးနေတဲ့ ဥပဒေပုဒ်မ ၇၊ တစ်နည်းအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၁(ခ)ကို ဘာမှထိပါးစရာ၊ ဆန့်ကျင်ရာ၊ ကွဲလွဲရာ မရောက်ပါဘူး။ အဲဒီတော့ ကွဲလွဲတယ်၊ ဖွဲ့စည်းပုံဆန့်ကျင်တယ်လို့ ပြောမယ်ဆိုရင် ဒါဖွဲ့စည်းပုံဆန့်ကျင်ပြီးပြောတဲ့ သဘော သက်ရောက်မှာဖြစ်တဲ့အတွက် ဒါသည် မသင့်လျှော်ဘူးလို့ ပထမဦးဆုံး ဆွေးနွေးလိုပါတယ်။

ဒုတိယဆွေးနွေးလိုတာကတော့ ပုဒ်မ ၂ မှာပါတဲ့ ကျွန်တော်တို့ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှု ဆိုတဲ့ စကားရပ်ကို ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ဖြည့်လိုပါတယ်။ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုဆိုသည် မှာ နိုင်ငံသားတစ်ဦး၏ဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာခွင့်၊ လွတ်လပ်စွာနေထိုင်ခွင့်၊ ပြောဆိုခွင့် ဒီ (၃)ခုတည်းနဲ့ မလုံလောက်ပါဘူး။ ကျွန်တော်တို့ လွတ်လပ်စွာ အသက်မွေးဝမ်းကျောင်းပြုခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့် အဲဒါတွေဟာလည်း ကျွန်တော်တို့ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်ခွင့်မှာ ပါတဲ့အပြင် နိုင်ငံသားတစ်ဦးရဲ့ လွတ်လပ်စွာကိုယ်တိုင်ဆုံးဖြတ်ခွင့်ဟာလည်း ကျွန်တော်တို့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးက မိမိရဲ့ကံကြမ္မာ၊ မိမိရဲ့ပိုင်ဆိုင်မှု၊ မိမိရဲ့အခွင့်အရေးတွေကို တရားဥပဒေနဲ့အညီ မိမိကိုယ်တိုင် လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိဖို့လည်း လိုပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အနည်းငယ် ပြောပြလိုပါတယ်။ ကျွန်တော်တို့ လူသားတိုင်းဟာ လွတ်လပ်စွာ ရေးသားပြောဆိုဖော်ပြခွင့်၊ တွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်တွေရှိမှသာလျှင် ကျွန်တော်တို့ လူမှာရှိတဲ့ အင်္ဂါရပ်တွေနဲ့ အသုံးပြုခွင့်ရတဲ့အခြေအနေမှာ ဖြစ်တဲ့အတွက် ဒါ လူရဲ့အင်္ဂါရပ်နဲ့ ပြည့်စုံ ညီညွတ်တယ်လို့ အဲဒီအခါကျမှ ဆိုနိုင်မှာဖြစ်သလို လူသားမျိုးနွယ်တွေရဲ့ ဂုဏ်သိက္ခာနဲ့အညီ ရပ်တည် နိုင်ခွင့်ရတယ်လို့လည်း ဆိုနိုင်မှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ ဒီလိုအခွင့်အရေးတွေ ပေးလိုက်လို့ ကြောက်နေစရာ၊ စိုးရိမ်နေစရာမလိုပါဘူး။ လွတ်လပ်စွာ ပြောဆိုရေးသားဖော်ပြ ဒီလိုအခွင့်တွေရှိမယ်၊ ရမယ့်အပြင် ဒီလိုအခွင့်အရေးတွေကို ကာကွယ်တဲ့ဥပဒေတွေ အခုလို ပြဋ္ဌာန်း ထားမယ်ဆိုရင် မိမိတို့ရဲ့ သဘောထားတွေ၊ အယူအဆတွေ၊ အတွေးအခေါ်တွေ၊ အထင်အမြင်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ အပြန်အလှန် ဝေဖန်ဆွေးနွေးဖလှယ်ခွင့်ရတဲ့အတွက် အမှားတရားတွေဟာ ကျွန်တော်တို့ ဘေးကိုရောက်သွားပြီးတော့ အမှန်တရားတွေအားလုံး လက်ခံကြားသိ သိရှိပြီးတော့ အနိုင်ရမှာဖြစ်ပါတယ်။

အဲဒီ့အပြင် ကျွန်တော်တို့ ဒီလို အပြန်အလှန်နားလည်မှုတွေရလာပြီးတော့ ငြိမ်းချမ်းရေးရမယ့် ငြိမ်းချမ်းစွာ လူတိုင်းလူတိုင်း၊ အဖွဲ့အစည်းတိုင်း ရှင်သန်ခွင့်ရမယ့်လမ်းစတွေကိုလည်း အဲဒီ့လို အခွင့်အရေးတွေနဲ့ ပြောခွင့်၊ ဆိုခွင့်၊ ရေးခွင့်၊ ဖော်ပြခွင့်တွေရမှ ဒီဟာတွေ ငြိမ်းချမ်းရေးလည်း ရမှာ ဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ အမေရိကန်ဆောင်းပါးရှင် E.B. white က ဘာပြောလည်းဆိုတော့ ဒီလို လွတ်လပ်စွာဖော်ထုတ်ရေးသားတဲ့ လူတွေရှိမှသာလျှင် အမှန်တရားကို လူတွေကသိရှိခွင့်ရှိမှာ ဖြစ်တဲ့အတွက် အမှန်တရားရဲ့အလင်းရောင်အောက်မှာ ပြည်သူလူထုကြီးက နေထိုင်ခွင့်ရကြမှာဖြစ်တယ်။ အဲဒီအခါမှသာ အမှန်တရားရဲ့ အလင်းရောင်များများရလေ ပြည်သူလူထုကြီးက အမှောင်ထုရဲ့ ဘေးကနေ ကင်းလေ ဖြစ်မှာဖြစ်တယ်လို့ ဖော်ပြထားတာ ကျွန်တော်တို့ သတိပြုရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလွတ်လပ်စွာ တွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်၊ ရေးသားဖော်ထုတ်ခွင့်တွေကို အကာအကွယ်ပေးဖို့ အားပေးအားမြှောက်ပြုဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။ ဒီဥပဒေဟာ တကယ်တမ်းကျတော့ ကျွန်တော်တို့ကိုယ်တိုင် ဒီမိုကရေစီကို လက်ခံသလား၊ ဖက်ဒရယ်ကို လက်ခံသလား၊ အားပေးမှာလား၊ ကျွန်တော်တို့ကိုယ်တိုင် အချက်ပြရမှာ၊ ဆုံးဖြတ်ရမှာ၊ သက်သေပြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေ့ ဒါတွေကို ဒီ ဥပဒေ လုပ်တယ်ဆိုတဲ့ဟာသည် ကျွန်တော်တို့ ဖက်ဒရယ်ကို သွားမယ်၊ ဒီမိုကရေစီကိုသွားမယ်ဆိုတဲ့ သက်သေခံချက်ပါ။ အချက်ပြနေတာပါ။ ဒါကို ကျွန်တော် လေးစားစွာ တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ပုဂ္ဂိုလ်ဆိုင်ရာ (ဃ)မှာ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုဆိုတဲ့ဟာသည် အတိအလင်းပြဋ္ဌာန်းထားပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်တဲ့အတွက် ဒီဥပဒေရဲ့ အစိတ်အပိုင်းတိုင်းမှာ လုံခြုံမှုလို့ပြောရင် မလုံလောက်ပါဘူး။ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုလို့ပြောမှ ဥပဒေနဲ့ညီမှာ ဖြစ်ပါတယ်။ အဲဒီလို ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုဆိုတာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ လိုမှာဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ အခန်း(၂)မှာ ဒီ လုံခြုံမှုနဲ့ လွတ်လပ်မှုကို အကာအကွယ်ပေးဖို့ ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ နိုင်ငံအတွင်းမှာရှိတဲ့ အစိုးရအဖွဲ့အစည်းအားလုံး တာဝန်ရှိတယ်။ ဌာနဆိုင်ရာအားလုံး တာဝန်ရှိတယ်။ လွှတ်တော်တွေအားလုံး တာဝန်ရှိတယ်။ တရားရုံးအားလုံးအသီးသီးကနေ နိုင်ငံသားတွေရဲ့ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနဲ့ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု နစ်နာဆုံးရှုံးမှုမရှိစေဖို့ ကာကွယ်ပေးကြရမယ်လို့ ကျွန်တော်တို့ ပြင်ဆင်ပြဋ္ဌာန်းသင့်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ရှာဖွေတဲ့နေရာမှာလည်း အမျိုးသမီးကို အမျိုးသားကမရှာဖွေရဘူး။ စတဲ့ ဒီပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေမှာ ပါတဲ့ဟာတွေကို ဖြည့်စွက်ပြီးတော့ ပုဒ်မ ၅ မှာလည်း ထည့်သွင်းဖို့လိုပါတယ်။

ဒီအတိုင်းပဲ ပုဒ်မ ၈ မှာ ကျွန်တော်တို့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနဲ့ လုံခြုံမှုကို တစ်စုံတစ်ရာ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမပြုရဆိုတဲ့အချက်ကိုလည်း ပြဋ္ဌာန်းပေးဖို့လိုပါတယ်။ ဒီအတိုင်းပဲ ပုဒ်မ ၉ မှာ နိုင်ငံတော်သမ္မတ၊ ဒါမှမဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုတင်ခွင့်ပြုမိန့်ဆိုတာ ကျွန်တော်က သဘောမတူပါဘူး။ နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတမှ လွှဲအပ်တာဝန်ပေးတဲ့သူရဲ့ ကြိုတင်ခွင့်ပြုချက်နဲ့သာလျှင် ဒီအခွင့်အရေးကို အသုံးပြုခွင့်ရှိမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ပုဒ်မ ၁၀ ကို ဒီလိုအစားထိုး ဖြည့်သွင်းသင့်ပါတယ်။ မည်သူမျှ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနဲ့ လုံခြုံမှုကို လျစ်လျူရှု၍ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တစ်စုံတစ်ရာ ထိခိုက်နစ်နာသွား ဒဏ်ရာရမှန်းသိလျက်နဲ့ ညှဉ်းပန်းနှိပ်စက်မှုမျိုး မလုပ်ရဘူးလို့ ပြဋ္ဌာန်းသင့်ပါတယ်။ ဒီအတိုင်းပဲ ပုဒ်မ ၁၂ နဲ့ ၁၃ မှာ ကျွန်တော်တို့ အနည်းဆုံး ထောင်ဒဏ်(၆)လတို့ (၁)နှစ်တို့ ပြဋ္ဌာန်းရင် ကျွန်တော်တို့ သာမန်သေးသေးလေးလုပ်မိတာနဲ့ကို အများကြီးနစ်နာသွားနိုင်ပါတယ်။ ကျွန်တော်တို့ ဘီယာတစ်ဘူးရောင်းတာနဲ့ အခုလက်ရှိဥပဒေအရ ဒဏ်ငွေ(၁၀)သိန်းပေးရမယ်ဆိုတော့ တော်တော်ကို ဘဝပျက်သွားလောက်အောင်ကိုလည်း နစ်နာသွားစေနိုင်ပါတယ်။ အဲဒီလိုမျိုးပဲ ဒီသာမန်ကာလျှံကာလေး အဲဒါအမှတ်တမဲ့လုပ်မိတာနဲ့ ကျွန်တော်တို့ ထောင်(၆)လတို့၊ (၁)နှစ်တို့ ကျသွားမယ်ဆိုရင် အင်မတန်နစ်နာလှပါတယ်။ အနည်းဆုံးထောင်(၁)လကနေ (၁၀)နှစ်အထိ ဒါကတော့ တရားသူကြီးရဲ့ ဆင်ခြင်တုံတရားနဲ့ ဒီလိုမျိုးပဲဖြစ်သင့်ပါတယ်။

ဒီအတိုင်းပဲ ကျွန်တော်တို့ ပုဒ်မ ၁၄ မှာလည်း ၁၄ ကိုလည်း ဖြည့်စွက်ပြီးတော့ ပုဒ်မ ၁၀ ကို ကျူးလွန်ရင် ထောင်အနှစ်(၂၀)အထိ၊ ဒဏ်ငွေသိန်း(၅၀)အထိ ပြဌာန်းသင့်သလို ပုဒ်မ ၁၇ မှာလည်း ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေအကောင်အထည်ဖော်တဲ့နေရာမှာ လိုအပ်ပါက နည်းဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ပြဌာန်းနိုင်တယ်လို့ ဖြည့်စွက်သင့်ကြောင်း အကြံပြု ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၄။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်မှာ ပြင်ဆင်ချက်များနှင့် ပေးပို့လာတဲ့ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းအပေါ် သုံးသပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ခုမှာ အုပ်ချုပ်သူအစိုးရက ပြည်သူတွေကို ကာကွယ်မှုနှင့် ဝန်ဆောင်ပေးနိုင် လေလေ ထိုတိုင်းပြည်ဟာ နေချင်စဖွယ်ဖြစ်လာပြီး နိုင်ငံသားများရဲ့ အရည်အသွေးဟာလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီလိုမျိုးနိုင်ငံသားတွေကို ကာကွယ်မှုနှင့် ဝန်ဆောင်မှုပေးတဲ့ ဥပဒေတွေ ကျွန်တော်တို့တိုင်းပြည်မှာ များများပေါ်ပေါက်ဖို့ လိုအပ်လှပါတယ်။ ကျွန်တော်တို့ ၂၀၀၈ အခြေခံ ဥပဒေပုဒ်မ ၂၁(ဃ)မှာလည်း ဘယ်လိုဖော်ပြထားသလဲဆိုတော့ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များကို ထိရောက်ခိုင်မာ ပြည့်စုံစေရန် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါကြောင့် ဒီဥပဒေဟာလည်း ကျွန်တော်တို့ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒီဥပဒေဟာ နိုင်ငံသားတွေရဲ့ ကာကွယ်မှုနှင့် ဝန်ဆောင်မှုကို ပေးနိုင်မယ်ဖြစ်တဲ့အတွက် ကိုယ်ချင်းစာတရားကို အခြေခံတဲ့ဥပဒေ ဖြစ်တဲ့အတွက် မြင့်မြတ်တဲ့ လူ့အသိုင်းအဝန်းမှာ ရှိသင့်ရှိထိုက်တဲ့ ဥပဒေတစ်ရပ်လို့ မြင်တဲ့အတွက် ကျွန်တော်ကြိုဆို ထောက်ခံ ပါတယ်။ ဒါပေမဲ့ ပညာရှိသတိဖြစ်ခဲ ဆိုသလို ဥပဒေမှာ အနည်းငယ်လိုအပ်ချက်တွေကို အကျိုး အကြောင်းပြပြီးတော့ ဖြည့်စွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမ ကျွန်တော် အခန်း(၁)က ပုဒ်မ ၂(ဂ)မှာ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာနေထိုင်နိုင်ခွင့် နှင့် လွတ်လပ်စွာပြောဆိုခွင့်ကို ဆိုသည်လို့ ရေးထားပါတယ်။ ကျွန်တော် ပြင်ဆင်ချင်တာကတော့ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်ဆိုတဲ့ စကားရပ်ကို လွတ်လပ်စွာ အခြေစိုက်နေထိုင်ခွင့်ဆိုတာကို ဆိုတာ လေးကို ကျွန်တော် ပြင်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ အခြေခံဥပဒေပုဒ်မ ၃၅၅ မှာလည်း အဲဒီလို လွတ်လပ်စွာ အခြေစိုက်နေထိုင်နိုင်ခွင့်ဆိုတာလေးကို ကျွန်တော်တို့ ဖော်ပြထားတာရှိပါတယ်။ ဘာလဲ ဆိုတော့ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်နဲ့ လွတ်လပ်စွာ အခြေစိုက်နေထိုင်နိုင်ခွင့်ဆိုတာ ကျွန်တော်တို့

စကားရပ်အရရော၊ အဓိပ္ပာယ်အရရော ကွဲလွဲလို့ပဲ ဖြစ်ပါတယ်။ နောက်တစ်ခုက ထပ်ဖြည့်ချင်တာက အရင်ကိုယ်စားလှယ်ကြီးတို့ ပြောသွားသလိုမျိုးပဲ လွတ်လပ်စွာ ရေးသားထုတ်ဝေ ဖြန့်ချိခွင့်ဆိုတာ လေးကို ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။ ဘာလဲဆိုတော့ ပုဒ်မ ၃၅၄ (က)မှာ ကျွန်တော်တို့ ဖော်ပြထား တာရှိပါတယ်။ မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ဆိုတာလည်း ပါ ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က နိုင်ငံသားများရဲ့ မူလ အခွင့်အရေးများကို ပြည့်ဝစွာ ရရှိခံစားနိုင်စေရန်အတွက် ရည်ရွယ်ပြီးတော့ အဲဒီပုဒ်မတွေကို အဲဒီ စကားရပ်တွေကို ထပ်ပြီးတော့ ဖြည့်စွက်ချင်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ် ၂(က)ပါ။ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုဆိုသည်မှာ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ်များ လုံခြုံမှုကိုဆိုလိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦးဦး၏ နေအိမ်လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုတို့ ပါဝင်သည်လို့ ပြောထားပါတယ်။ အဲကျတော့ ပထမ ကျွန်တော်တို့ မူလမှာကျတော့ နေအိမ်ဥပစာလုံခြုံမှု ဆိုတာ ပါပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မှာတော့ အဲဒါကြီးကို ဖြုတ်ပစ်ခဲ့ပါတယ်။ ကျွန်တော် အဲဒါ ဖြည့်စွက်ချင်တာကတော့ အဆောက်အအုံ ပရဝဏ် လုံခြုံမှုဆိုပြီးတော့ အဲဒါလေး ထပ်ဖြည့်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ပုဒ်မ ၅(ခ)၊ ပုဒ်မ ၈(က)တို့နှင့် ရှေ့နောက်ညီညွတ်အောင် မို့လို့ပါ။ နောက် ကျွန်တော်တို့ အဲဒီ ဥပစာနဲ့ ပရဝဏ် ဆိုတဲ့ စကားရပ်လည်း အဓိပ္ပာယ်ကွဲလွဲပါတယ်။ ကျွန်တော်တို့ ဥပစာဆိုတာ ဘယ်လိုလဲဆိုတော့ အိမ်၊ ကျောင်း စသည်တို့ရဲ့မျက်နှာစာ ဆိုပြီးတော့ ဥပစာရဆိုတဲ့ ပါဠိပုဒ်ကနေပြီးတော့ ဆင်းသက်လာတာဖြစ်ပါတယ်။ ပရဝဏ်ဆိုတာက ပရိဝုဏ်ပေါ့၊ အဲဒီကနေဆင်းသက်လာပြီးတော့ အကာအရံတံတိုင်း၊ အဆောက်အဦ အကာအရံ တံတိုင်းအတွင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပရဝုဏ်ဆိုတဲ့ စကားရပ်ဟာ နောက်ဖော်ပြတဲ့ဥပဒေတွေ နဲ့ ရှေ့နောက်ညီညွတ်ပြီးတော့ အဲဒီကျွန်တော်တို့ အကာအကွယ်တံတိုင်းအတွင်းရဲ့ လုံခြုံမှုကိုပြချင်တဲ့ သဘောကြောင့် အဲဒီ အဆောက်အအုံ ပရဝဏ်လုံခြုံမှု ဆိုတာလေးကို ထပ်မံဖြည့်စွက်ချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ (စ)ပါ။ ပုဒ်မ ၂ ရဲ့ (စ)ပါ။ အဲဒါဟာ မူရင်းမှာ ကျွန်တော်တို့ မပါခဲ့ဘဲနဲ့ ပြည်သူ့လွှတ်တော်မှာ ထပ်ဖြည့်ထားတဲ့ ဥပဒေပုဒ်မ ဖြစ်ပါတယ်။ တာဝန်ရှိသူဆိုသည်မှာ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများဟု ဆိုသည်လို့ ဆိုထားပါတယ်။ အဓိပ္ပာယ်ကတော့ တအားကျယ်ပြန့်ပါတယ်။ တိကျမှုလည်း နည်းပါတယ်။ ဘာလဲ ဆိုတော့ ကျွန်တော် ဖြစ်ချင်တာတော့ ဒီဥပဒေကို ဖြုတ်ရင်ဖြုတ်ပလိုက်ပါ။ နို့မို့ရင် ဒီဥပဒေ ထည့်မယ် ဆိုရင် နောက်ဆက်တွဲမှာ ဒီအတွက် တကယ်တာဝန်ရှိတဲ့လူတွေဟာ တာဝန်လိုက်နာ မဆောင်ရွက်ဘူး ဆိုရင် ဘယ်လိုပြစ်ဒဏ်မျိုးရှိတယ်ဆိုတာကို ထပ်ထည့်သင့်ပါတယ်။ ဒါမှ ကျွန်တော် ပြည့်စုံမယ်လို့ ထင်ပါတယ်။ ဟုတ်ကဲ့။

နောက်တစ်ခုကကျတော့ ပုဒ်မ ၆ ပါ။ ပုဒ်မှာ ၆ မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနှင့် တာဝန်ရှိသူ များသည် ဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။ မိမိဌာနက အရေးယူဆောင်ရွက်ရမည့် ကိစ္စမဟုတ်ကြောင်း ပေါ်ပေါက် ပါက အကျိုးအကြောင်းဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း(၃၀)အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့်ဌာန အဖွဲ့အစည်းသို့ တိုင်ကြားသင့်ကြောင်း အကြံပြုပါရှိရမည်လို့

ဖော်ပြပါတယ်။ ဘာလဲဆိုတော့ ဒီနေ့ခေတ်မှာ ကျွန်တော်တို့ ဆက်သွယ်မှုနည်းပညာတွေရော၊ လက်တွေ့ဘဝမှာရော၊ တကယ်တိုးတက်လာပါတယ်။ စာတစ်ခုတည်းနှင့်ဆက်သွယ်လာတာ မဟုတ်တော့ပါဘူး။ ဘာလဲဆိုတော့ ဖုန်းနဲ့တိုင်ကြားလာတယ်ဆိုရင် ဘယ်ဖုန်းနံပါတ်ကနေတိုင်တယ်၊ ဘယ်သူလဲ၊ မှတ်ပုံတင်နံပါတ် ဘယ်လိပ်စာကနေတိုင်တယ်ဆိုတာ ကျွန်တော်တို့ မှတ်တမ်းတွေလုပ်ပြီးတော့ ပြန်ကြားလို့ရပါတယ်။ နောက် E-mail ကနေပြီးတော့ တိုင်ကြားလာလို့ရှိရင်လည်း E-mail၊ ဘယ် E-mail ကတော့ မှတ်တမ်းတွေလုပ်ပြီးတော့ ပြန်ကြားလို့ရပါတယ်။

အဲဒီတော့ ကျွန်တော် ပြောင်းလဲဖြည့်စွက်ချင်တာကတော့ အဲဒီ ရက်ပေါင်း(၃၀)အတွင်း ဆိုတာကို (၁၅)ရက်အတွင်း ပြန်ကြားရမည်အပြင်၊ ယင်း ပြန်ကြားစာတွင်ဆိုတဲ့နေရာမှာ ပြန်ကြားမှုတွင်လို့ ထည့်သွင်းသင့်ပါတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့ အချိန်ဆိုတာကလည်း ခုနက ကိုယ်စားလှယ်တော်ကြီး ပြောသွားသလိုပဲ အရေးပေါ်တဲ့အချိန်မှာ အရေးပါသလို လုပ်ဆောင်ရမယ့်အတွက်ကြောင့် အချိန်ကို (၁၅)ရက်ဆိုရင် လုံလုံလောက်လောက် ပြန်ကြားနိုင်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ကျန်တဲ့ ပုဒ်မတွေကျတော့ တခြားအရင်ကိုယ်စားလှယ်တော်ကြီးများနဲ့ ဆွေးနွေးတာနဲ့ ထပ်တူဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် မဆွေးနွေးလိုတော့ပါဘူး။ ဟုတ်ကဲ့။ အဲဒါကြောင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသား အပေါင်း လုံခြုံမှုနှင့်တကွ ဝန်ဆောင်မှုပေးနိုင်တဲ့ နိုင်ငံအတွင်းမှာ နေထိုင်နိုင်ကြပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၁။**

**ဗိုလ်မှူးအောင်ကိုမင်း၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်း ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမယ့် အကြောင်းရာကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းပြီး ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ဆွေးနွေးအတည်ပြုပြီး ပေးပို့လာသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း၏ အခန်း (၄) တားမြစ်ချက်များ၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)မှ စကားရပ်အချို့နှင့်ပတ်သက်၍ ပြင်ဆင်အဆိုပြုသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ ဆွေးနွေးတဲ့ဥပဒေကို လေ့လာကြည့်ပါက လူပုဂ္ဂိုလ်ဆိုင်ရာ၊ တစ်နည်းအားဖြင့် လူ့အခွင့်အရေးကို အကာအကွယ်ပေးတဲ့ ဥပဒေတစ်ရပ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ လူ့အခွင့်အရေးဆိုတာ လူသားအားလုံးရဲ့ မွေးရာပါအခွင့်အရေးဖြစ်လို့ ရသင့်သည့်အခွင့်အရေးများ အပြည့်အဝ

ရရှိရေး၊ ရရှိတဲ့အခွင့်အရေးများကို ဥပဒေအရ အကာအကွယ်ပေးရေးဆိုတာ အင်မတန်မှ လျော်ကန်သင့်မြတ်တဲ့အတွက် ကျွန်တော်တို့ အားလုံးက လက်ခံကြိုဆိုရမှာ ဖြစ်ပါတယ်။

သို့သော်လည်း လက်ရှိနိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် ဖြစ်ပျက်နေသည့် အခြေအနေ၊ ကျွန်တော်တို့နိုင်ငံရဲ့ နောက်ခံသမိုင်းကြောင်းနှင့် ပထဝီအနေအထား၊ ယနေ့ပြည်တွင်းရေး အခြေအနေများအရ လူပုဂ္ဂိုလ်လုံခြုံရေးထက် နိုင်ငံတော်လုံခြုံရေးကို ဦးစားပေး အလေးထား ဆောင်ရွက်ရမယ့်အခြေအနေများ ရှိနေတာကို သတိချပ်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးသည် အဆိုပါနိုင်ငံရှိ အစိတ်အပိုင်းအားလုံး၏ လုံခြုံရေးဟု လက်ခံထားကြပါတယ်။ နိုင်ငံတော်နယ်နိမိတ်အတွင်း နေထိုင်ကြသည့် ပြည်သူအားလုံး၏ လုံခြုံရေးကို နိုင်ငံတော်က အာမခံထားရပါတယ်။ တစ်ဦးတစ်ယောက်ချင်း၏ လုံခြုံရေးကို နိုင်ငံသားဖြစ်မှုနှင့် အာမခံပေးထားပြီး နိုင်ငံတော်လုံခြုံနေသမျှကာလပတ်လုံး လူတစ်ဦးချင်စီလည်း လုံခြုံမှုရှိနေမှာ ဖြစ်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားများကလည်း နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ အလေးထားဂရုပြု ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်လုံခြုံရေးကို ဦးစားပေးလွန်းပါက နိုင်ငံတော်လုံခြုံရေးတာဝန်ကို ထမ်းဆောင်ကြရသူများအတွက် လုပ်ငန်းများဆောင်ရွက်ရာမှာ ကန့်သတ်ချက်များ၊ တားမြစ်ချက်များကြောင့် အခက်အခဲများစွာ ကြုံတွေ့လာနိုင်ပါတယ်။ လုံခြုံရေးတာဝန် ထမ်းဆောင်သူများအနေနှင့်လည်း ဒီဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်များကြောင့် စိုးရိမ်ပူပန်မှုများ၊ ကြောင့်ကြမှုများရှိလာနိုင်ပြီး အားကြိုးမာန်တက် စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်လိုစိတ်များ၊ အထိုက်အလျောက် လျော့နည်းသွားနိုင်ပါတယ်။ ဒီစိုးရိမ်ကြောင့်ကြမှုများကြောင့် နိုင်ငံတော်လုံခြုံရေး ကျိုးပေါက်သွားနိုင်ပါတယ်ခင်ဗျား။ ဒါဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အင်မတန်မှ အန္တရာယ်ကြီးမားတဲ့အချက်ဖြစ်ပါတယ်။

လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများဟာ ရေရှည်အကျိုးကို မျှော်ကိုးသင့်ပါတယ်။ သေသေချာချာလေ့လာသုံးသပ်ကာ ဘက်ပေါင်းစုံမှ စဥ်းစားသုံးသပ် ရေးဆွဲအတည်ပြုပြီး အကျိုးစီးပွား ခိုင်မာသည့် ဥပဒေတစ်ရပ် ဖြစ်သင့်ပါကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား လုံခြုံရေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်ဥပဒေများ ဖြစ်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြင်ဆင်လိုတဲ့ စကားရပ်နှင့်စပ်လျဥ်းလို့ အဆိုပြုသွားမှာ ဖြစ်ပါတယ်။ ဥပဒေပါ အခန်း(၄) တားမြစ်ချက်များ၊ အပိုဒ် ၈၊ ပုဒ်မခွဲ(ခ)ပါ စုံထောက်ခြင်း၊ စုံစမ်းခြင်းစကားရပ်အား စုံစမ်းထောက်လှမ်းခြင်း စကားရပ်ဖြင့် အစားထိုးပြင်ဆင် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီစကားရပ် ပြောင်းလဲပြင်ဆင်ခြင်းကြောင့် ဥပဒေရဲ့ အဓိပ္ပာယ်နှင့် အနှစ်သာရပြောင်းလဲသွားမည်မဟုတ်ကြောင်း တင်ပြအပ်ပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ ဥပဒေပါစကားရပ်များအား ကျစ်လျစ်သိပ်သည်းစေရန်အတွက်လည်းကောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင်ပါရှိသည့် အခန်း(၅) ခေါင်းစဥ်၊ ပုဒ်မ ၉ ၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ ၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ ၊ ပုဒ်မ ၁၅ ၊ ပုဒ်မ ၁၆ တို့တွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄ ၊ ပုဒ်မ ၅၊ ပုဒ်မ ၁၅၆ ၊ ပုဒ်မ ၁၆၇၊ ပုဒ်မ ၁၆၉ ၊ ပုဒ်မ ၁၇၀ ၊ ပုဒ်မ ၁၇၃၊ ပုဒ်မ ၁၇၄ တွင်လည်းကောင်း စုံစမ်းထောက်လှမ်းခြင်းဟူသော စကားရပ်ကိုသာ သုံးစွဲထားပါတယ်။

ယနေ့ အခြေအနေတွင် စုံထောက်ခြင်းဟူသော ဝေါဟာရအသုံးအနှုန်းထက် ပိုမိုကျယ်ပြန့်သည့် အဓိပ္ပာယ်ဆောင်သော စုံစမ်းထောက်လှမ်းခြင်းဟူသော စကားရပ်အသုံးအနှုန်းကိုသာ သုံးစွဲလျက်ရှိတဲ့အတွက် ပြင်ဆင်ရန်အဆို တင်ပြရခြင်း ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုမှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်း မပြုရဟု ဖြစ်ပါတယ်။ ကျွန်တော်၏ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး ဖြစ်ပါတယ်။ ဒီ ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) အရ နိုင်ငံသားများရဲ့ အခွင့်အရေးအရ ဖွဲ့စည်းထားတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ရဲ့ ပုဒ်မ ၃၅၃ ကနေ ၃၅၇ အထိကို နိုင်ငံသားများရဲ့ လွတ်လပ်ခွင့်၊ ဥပဒေအခွင့်အရေးကို ပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ဖြစ်တဲ့အတွက် ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ ဥပဒေအသစ်ဖြစ်တယ်ဆိုတာကို ဦးစွာပထမပြောချင်ပါတယ်။

ဒီဥပဒေဟာ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ ပြည်သူကို အကာအကွယ်ပေးတဲ့ အရင်ဦးဆုံး၊ ပထမဆုံးဥပဒေအသစ်တစ်ခုဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဥပဒေတော်တော်များများမှာ ပြည်သူတွေကို နှိပ်ကွပ်ပြီးတော့ အာဏာရှင်တစ်စုတစ်ဖွဲ့သာလျှင် အကျိုးစီးပွားကိုကာကွယ်ပေးထားတဲ့ ဥပဒေတွေချည်းပဲဖြစ်နေတဲ့အတွက် ဒီလို ပြည်သူကိုအကာအကွယ်ပေးတဲ့ဥပဒေတွေ အများကြီးပေါ်ထွက်လာဖို့အတွက်ကို ပြည်သူတွေကနေ မျှော်လင့်နေကြတာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေလည်း အများကြီးလုပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတယ်ဆိုတာကိုလည်း ဒီမှာ ကျွန်တော်တို့ ကိုးကားအကျိုးအကြောင်းပြပြီး ဒီမှာ ရှင်းလင်းသွားမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဒီကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ပုဒ်မတွေအများကြီး ဆွေးနွေးသွားတဲ့အတွက် ကျွန်တော်အတွက် ဆွေးနွေးစရာ ပုဒ်မ တစ်ခု၊ နှစ်ခုပဲ ရှိပါတယ်။

ဒါပေမဲ့ အရင်ဦးဆုံး ပုဒ်မ ၄ ကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတယ်ဆိုတာကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပုဒ်မတွေနှင့်အညီသာ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒီလို ပြည်သူကို အကာအကွယ်ပေးတဲ့ ဥပဒေတွေ များများရှိခြင်းအားဖြင့် ဒီမိုကရေစီအပင်ပေါက်ကလေးကို သင်းသတ်မခံရအောင် ကျွန်တော်တို့ အားသစ်လောင်းပေးတာလည်း ဖြစ်တယ်။ အဲဒီတော့ ဒီမိုကရေစီကို နှောင့်ယှက်ဖျက်ဆီးမယ့်

အန္တရာယ်ရန်စွယ်တွေကို ဒီလိုဥပဒေတွေနဲ့ ကျွန်တော်တို့ ချိုးဖျက်ရမှာဖြစ်တဲ့အတွက် ပုဒ်မ ၄ ကို အရင်ဆုံး ဆွေးနွေးပါမယ်။ ပုဒ်မ ၄ က သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တာဝန်ရှိသူများသည် နိုင်ငံတော်၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နဲ့ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု၊ နစ်နာဆုံးရှုံးမှု မရှိစေရန်ဆိုတဲ့ နေရာမှာ ကျွန်တော်က အစဉ်တစိုက် ကာကွယ်ပေးရမည်ဆိုတဲ့ စကားရပ်ကို အစဉ်တစိုက်ကို ကျွန်တော် ထည့်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ အစဉ်တစိုက်က ဘာလို့ထည့်ရမှာလဲ၊ မထည့်လဲ ဘာလို့ သို့သော် အစဉ်တစိုက် ဆိုတဲ့စကားတစ်ရပ်က အင်မတန် ကျယ်ပြန့်မှုရှိပါတယ်။ ဝန်ကြီးဌာနဆိုတဲ့အတွက် ဝန်ကြီးဌာနသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတယ်ဆိုတဲ့အတိုင်း နိုင်ငံတော်က အစဉ်တစိုက် ကာကွယ်ပေးရမည်လို့ သက်ရောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၆(စ)မှာ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်ကဏ္ဍမှာ တပ်မတော်သည် ပါဝင် ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်လို့ ထည့်ထားတယ်။ အဲဒီတော့ ဒီဥပဒေမှာ ကျွန်တော်တို့ အစဉ်တစိုက် ထည့်လိုက်ခြင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူကိုမဆို ဥပဒေအရ တန်းတူညီမျှမှု အခွင့်အရေးရှိရမည်လို့ ဖြစ်သွားပါ လိမ့်မယ်။ ဒါဆိုရင် ဒီမှာပွဲသိမ်းသွားပြီ။ ပွဲသိမ်းဂိုးပဲ။ အဲဒီတော့ ဒီပုဒ်မကို ဒီမှာ အစဉ်တစိုက် ထည့်လိုက် ခြင်းအားဖြင့် အငြင်းပွားဖွယ်ကိစ္စတွေ ကျွန်တော် မရှိတော့ဘူးလို့ ကျွန်တော် ယူဆပါတယ်။

နောက်ဆုံး ကျွန်တော် ဒီပုဒ်မ ၁၀ ကိုပဲ ဆွေးနွေးပါမယ်။ ပုဒ်မ ၁၀ မှာ မည်သည့် ရဲတပ်ဖွဲ့မှူး မဆို ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို သတင်းပေးချက်ကို လက်ခံရရှိ သည်ဖြစ်စေ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၅၄ နှင့်အညီ ဆောင်ရွက်ရမည်လို့ ဆိုထားပါတယ်။ မူလ အဆိုပြုပြဋ္ဌာန်းချက်မှာက ချက်ချင်း အရေးယူဆောင်ရွက်ရမည်ဆိုတဲ့ဟာ ပြဋ္ဌာန်းထားတယ်။ ဒီပုဒ်မကို ကြည့်လိုက်ခြင်းအားဖြင့် ဒီ ၁၅၄ ပုဒ်မဟာ သူဟာ Quick Action ဖြစ်နေတဲ့အတွက် အလျင်အမြန် ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက် မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ဖြစ်သင့်တယ်ဆိုတာ ဆွေးနွေး ရင်းနဲ့ ကျွန်တော် ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၀။**

**ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်စံဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း၏ အခန်း(၄)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)နဲ့ပတ်သက်ပြီး ပယ်ဖျက် ပြင်ဆင်ရန် အဆိုတင်သွင်း ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်အား Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၄)၊ ပုဒ်မ ၈ ခြေဆင်းမှာ မည်သူမှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်တစ်စုံတရာ မရရှိဘဲလို့ ပြဋ္ဌာန်းထားပြီး ပုဒ်မခွဲ(စ)မှာတော့ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ မိသားစုရေးရာကိစ္စရပ်များတွင် အဓမ္မဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ဂုဏ်သိက္ခာနှင့်ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရလို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရမှာဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုပြဋ္ဌာန်းတဲ့ဥပဒေဟာ နိုင်ငံသားများရဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းမယ့်ဥပဒေ ဖြစ်ပါတယ်။ ဥပဒေဟာ ရှင်းလင်းလွယ်ကူပြီး လိုက်နာကျင့်သုံးမည့် တာဝန်ရှိသူများနဲ့ နိုင်ငံသားများ ဒွိဟဖြစ်စေနိုင်မယ့် ပြဋ္ဌာန်းချက်များ မပါရန် လိုအပ်ပါတယ်။

ယခု ပုဒ်မ ၈ ခြေဆင်းနှင့် ပုဒ်မခွဲ(စ)တို့က ဆက်စပ်ကြည့်လိုက်မယ်ဆိုရင် မည်သူမျှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတရာမရရှိဘဲ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ မိသားစုအရေးကိစ္စ များတွင် အဓမ္မဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရလို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီလိုပြဋ္ဌာန်းလိုက်မယ်ဆိုရင် ခွင့်ပြုမိန့်တစ်စုံတစ်ရာရှိလျှင် နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ် ဆိုင်ရာ မိသားစုအရေးကိစ္စများမှာ အဓမ္မဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ဂုဏ်သိက္ခာ နှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက် ခြင်းပြုနိုင်တဲ့သဘော သက်ရောက်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြဋ္ဌာန်းချက်ပါ အကြောင်းအရာများသည် ပြစ်မှုမြောက်တဲ့ အကြောင်းအရာ အချက်များ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမိန့်တစ်စုံတစ်ရာရရှိ၍ ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ဟာ တရားဝင် ပြစ်မှုကျူးလွန် ခွင့်ပြုသလို ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံသားများရဲ့ လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနဲ့ လုံခြုံမှုကို အကာအကွယ်ပေးရန်ဆိုတဲ့ ဥပဒေရဲ့ ရည်ရွယ်ချက်လည်း ဆန့်ကျင်သဘော သက်ရောက်သွားမှာ ဖြစ်တယ်။ ဒီမိုကရေစီ ကျင့်သုံးတဲ့ နိုင်ငံတွေရဲ့ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တချို့ကို လေ့လာကြည့်ရင် ဥပဒေရဲ့ အားနည်းချက်ကို အခွင့်ကောင်းယူပြီး လူပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ထိခိုက်နစ်နာမှုရှိအောင် ဆောင်ရွက်ချက်များရှိခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ မိသားစုအရေးကိစ္စများမှာ အဓမ္မဝင်ရောက် စွတ်ဖက်ပါက ပြစ်မှုမြောက်ပြီး ဥပဒေအရ အရေးယူပိုင်ခွင့်ရှိပါတယ်။

ဒါ့အပြင် လူတစ်ဦးရဲ့ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့်ဆောင်ရွက်ရင် အသရေပြစ်မှုမြောက်ပြီး ဥပဒေကြောင်းအရ အရေးယူ နိုင်ပါတယ်။ ဒီ အကြောင်းအချက်နှစ်ခုလုံးကို ကျူးလွန်ရင် ပြစ်မှုအရာမြောက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသူ နိုင်ငံသားများရဲ့ အခွင့်အရေးအပြည့်အဝ ကာကွယ်ပေးနိုင်ရန်အတွက် ပုဒ်မခွဲ(စ) ပါ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ မိသားစုအရေးကိစ္စများမှာ အဓမ္မဝင်ရောက် စွက်ဖက်မှုများသည် တိုက်ရိုက်ပြစ်မှုကျူးလွန်သည့် သဘောသဘာဝဖြစ်သဖြင့် ပုဒ်မ ၈ ခြေဆင်းမှာ မည်သူမျှ ဥပဒေနှင့် အညီ ခွင့်ပြုမိန့်တစ်စုံတရာ မရရှိဘဲဆိုသည့် စာသားနှင့် ဆီလျော်မှုမရှိသည့်အပြင် လက်တွေ့

ဆောင်ရွက်ရာမှာလည်း တရားမျှတစွာ ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ဒါကြောင့် ပုဒ်မ ၈၊ ပုဒ်မခွဲ(စ) အား ဤဥပဒေကြမ်းမှ ပယ်ဖျက်သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသားများရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနဲ့ လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေကြမ်းရဲ့ အခန်း(၄)၊ ပုဒ်မ ၉ မှာ မူလပြဋ္ဌာန်းချက်ဖြစ်တဲ့ တည်ဆဲဥပဒေတစ်ရပ်ရပ်၌ အတိအလင်းခွင့်ပြုထားခြင်း မရှိလျှင် မည်သူမျှ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့် မရဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေထိန်းသိမ်းခြင်းနှင့် သို့မဟုတ် ဖမ်းဆီးခြင်းမပြုရလို့ ဖော်ပြထားပြီး၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီမှာ မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ကြိုတင်ခွင့်ပြုမိန့်ဖြင့် နိုင်ငံတော်အကျိုးငှာ ရာထူးတာဝန်တစ်ခုခု ခန့်အပ်ရန် ကိစ္စမှတစ်ပါး ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း ခိုင်လုံသည့် အထောက်အထားမရှိဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သော နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရလို့ ပြင်ဆင်အကြံပြုထားပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုပြဋ္ဌာန်းတဲ့ ဥပဒေဟာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အခန်း(၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)မှာ သက်ဆိုင်ရာဝန်ကြီးဌာနဆိုတာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်ဟု ပြဋ္ဌာန်းထားပြီး၊ အခန်း(၂)၊ ပုဒ်မ ၄ မှာတော့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် နိုင်ငံသားရဲ့ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု၊ လုံခြုံမှုနှင့် နစ်နာဆုံးရှုံးမှု မရှိစေရန် ကာကွယ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနကို ရည်ညွှန်းထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ယခုပြဋ္ဌာန်းမည့် ဥပဒေရဲ့ လွှမ်းခြုံမှုရှိစေရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနက အဓိကဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၉ ပါ မူလပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုတင်ခွင့်ပြုမိန့်မရဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရဆိုသည့် ပြဋ္ဌာန်းချက်ဟာ ရည်ရွယ်ချက်ကောင်းမွန်ပြီး နိုင်ငံသားများအတွက် အကာအကွယ်ပေးသည်မှာ မှန်ကန်ပါတယ်။ ဒါပေမဲ့ ကြိုတင်သတင်းရရှိ ထားပြီး အချိန်ယူ စောင့်ကြည့်နိုင်မည့်ကိစ္စများအတွက် အဆင်ပြေစွာ ကျင့်သုံးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့သော်လည်း အရေးပေါ်ဖြစ်ပေါ်လာမည့် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ပြည်သူအများ အေးချမ်းသာယာရေးနှင့်ဆိုင်သည့် ကိစ္စရပ်များကို ချက်ချင်းအရေးယူ ဆောင်ရွက်ရာမှာ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းအတွက် နိုင်ငံတော်သမ္မတရဲ့ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကြိုတင်ခွင့်ပြုမိန့်ရယူရန် ကြန့်ကြာနိုင်ပါတယ်။ ဥပမာအားဖြင့် နယ်စပ်ဒေသတစ်ခုမှာ လူပုဂ္ဂိုလ်တစ်ဦးဦးမှ လူအများရဲ့ အသက်အန္တရာယ်ကို ထိခိုက်စေရန် ရည်ရွယ်ပြီး လုပ်ဆောင်မှုတစ်ခုအား ဆောင်ရွက်မည်ဟု နာရီပိုင်းအတွင်းမှာ ကြိုတင် သတင်းရရှိခဲ့ရင် နိုင်ငံသားများ၏ လုံခြုံမှုအတွက် ထိုပုဂ္ဂိုလ်အား နောက်ယောင်ခံ စောင့်ကြည့်ခြင်း၊ ရှာဖွေသိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

ဒါကြောင့် အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် အဖွဲ့အစည်းဟာ သမ္မတအဆင့်အထိ ခွင့်ပြုမိန့် တောင်းလျှင် အချိန်ကြန့်ကြာနိုင်မှာဖြစ်ပြီး နိုင်ငံသားများရဲ့ အသက်အန္တရာယ်ကို ထိခိုက်လာနိုင်ပါတယ်။ ဥပဒေရဲ့ ပြဋ္ဌာန်းချက် အားနည်းချက်ကြောင့် ဥပဒေရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ နိုင်ငံသားများရဲ့ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးနိုင်မှု အားနည်းသွားနိုင်ပါတယ်။ အဓိက တာဝန်ယူဆောင်ရွက်ရမယ့် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်နှင့် ဆောင်ရွက်ပါက ပို၍ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ဆိုသည့် စာသားမှာ ပိုမိုသင့်လျော်ကြောင်း တွေ့ရှိရပါတယ်။

သို့သော် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ရာထူးတာဝန်ခံအပ်ရန် ကိစ္စတစ်ခုအတွက်သာ ခွင့်ပြုထားကြောင်းတွေ့ရပြီး နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့်ဆိုင်သည့် ကိစ္စရပ်များအတွက် ပါဝင်ခြင်းမရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်လွတ်လပ်မှုနှင့် လုံခြုံမှုကို ဦးစားပေးလွန်ပါက နိုင်ငံတော်လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများအဖို့ လုပ်ငန်းဆောင်ရွက်ရာမှာ ကန့်သတ်ချက်၊ တားမြစ်ချက်များကြောင့် နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်တဲ့ကိစ္စရပ်များကို စုံစမ်းထောက်လှမ်းခြင်း မပြုနိုင်တော့သဖြင့် အခက်အခဲများစွာ ကြုံတွေ့လာနိုင်ပြီးတော့ နိုင်ငံတော်လုံခြုံရေးကို ကျိုးပေါက်နိုင်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုများ၊ မူးယစ်ဆေးဝါး သယ်ယူထုတ်လုပ်ဖြန့်ဖြူးမှု၊ လူကုန်ကူးမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းကျူးလွန်မှု၊ Cyber တိုက်ခိုက်မှု စသည့် ကျူးလွန်မည့်သူများကိုလည်း အကာအကွယ်ပေးရာရောက်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ ထပ်မံ ပြင်ဆင်အဆိုပြုတင်ပြရရင် ပုဒ်မ ၉ အား တည်ဆဲဥပဒေတစ်ရပ်ရပ်၌ အတိအလင်းခွင့်ပြုထားခြင်း မရှိလျှင် မည်သူမျှ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်မရဘဲ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာ ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်း မပြုရဟု ဖြည့်စွက်ပြင်ဆင် အဆိုပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ၁၂း၀၉ နာရီအချိန်တွင် ရပ်နားပါသည်။]